# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၃)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁ဝ ရက် ၊ ၁၆-၉-၂ဝ၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၅

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်နှုန်းမြင့်ရထားဖြင့် နန်နင်းမြို့မှ လျှိုကျိုးမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လျှိုကျိုးစက်မှုပြတိုက်သို့ ရောက်ရှိစဉ် လျှိုကျိုးမြို့ CPC ပါတီ ကော်မတီ ဒုတိယ အတွင်းရေးမှူးနှင့် မြို့တော်ဝန် Mr. Zhang Zhuang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၅

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## အိုဇုန်းလွှာ ကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၆ရက်သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်သည်။ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး လှုပ်ရှားမှုများသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အန္တာတိက တိုက်အပေါ်ဘက်ရှိ လေထု၏ ဒုတိယအလွှာ (Stratosphere) တွင်တည်ရှိသည့် အိုဇုန်းလွှာအပေါက်ဟုခေါ်သော သာမန်ထက် အလွန်ပါးလွှာသည့်နေရာတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိရာမှစတင်၍ အစပြုခဲ့ခြင်းဖြစ်သည်။ အိုဇုန်းလွှာ၏အရေးပါမှုနှင့် အိုဇုန်းလွှာကိုကာကွယ်ရန် လိုအပ်သည့် လုပ်ဆောင်ချက်များကို အသိပညာပေးရန်ရည်ရွယ်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို စက်တင်ဘာလ ၁၆ ရက်နေ့တွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။

ယခုနှစ်ဆောင်ပုဒ်မှာ အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး From science to global action ဖြစ်သည်။ သာမန်အားဖြင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းမျိုးမရှိသော်လည်း အအေးပေးစနစ်များနှင့် မီးသတ်ဆေးဘူးများတွင်အသုံးပြုသော ပေါင်းစပ်ဓာတ်ငွေ့အရည် (သို့မဟုတ်) အအေးပေးဒြပ်ပစ္စည်းများ လေထုထဲသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားသောအခါ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသကဲ့သို့ ကမ္ဘာ့လေထုအပူချိန်ကိုပါ ပိုမိုတိုးပွားစေသည့်အာနိသင်ကြောင့် ရာသီဥတုစနစ်အတွင်း ပြောင်းလဲမှုများကို ဖြစ်ပွားစေသည်။ ကမ္ဘာတစ်ဝန်းအသုံးပြုသော အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များတွင် အဓိကထား ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ကိုပင်ဟေဂင် ပြင်ဆင်ချက်နှင့် ၂၀၁၂ ခုနှစ် ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး အိုဇုန်းလွှာပျက်စီးစေမည့် ဒြပ်ပစ္စည်းများ လျှော့ချရပ်ဆိုင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ပါ ကတိကဝတ်များအရ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာအခြေအနေမှာ တစ်နှစ်လျှင် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းနှုန်းဖြင့် ပြန်လည်ကောင်းမွန်လာသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာ့လေထုပူနွေးမှု လျော့နည်းစေသည့် အအေးပေးနည်းပညာများ တီထွင်ရေး၊ ပြုပြင်ထိန်းသိမ်းခြင်းတွင် အိုဇုန်းကိုမထိခိုက်စေသည့် အစားထိုးဒြပ်ပစ္စည်းများ ပြောင်းလဲအသုံးပြုရေးသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည်။ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းမှုတွင်အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဒြပ်ပစ္စည်းများ လျှော့ချသုံးစွဲရန်လိုအပ်မည်ဖြစ်သည်။ စွမ်းအင်ချွေတာနိုင်သော အအေးဓာတ်ထိန်းညှိသည့် နည်းပညာများနှင့် စွမ်းဆောင်ရည်တိုးမြှင့်စေသည့်နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်မည့်အပြင် စားနပ်ရိက္ခာဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ရာ ယခုနှစ်၏ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေးနှင့်အညီ အသိပေးနိုးဆော် အပ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၀လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓါတ်ငွေ့စက်ရုံရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၆ရက်တွင်ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းရပ်ကွက်၊ ၃၅လမ်း၊ ချမ်းအေးသာစံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ ကြားတွင်လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၆)

## ချမ်းမြသာစည်မြို့နယ်တွင် ရပ်ကွက်များအလိုက် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၄၄လမ်းနှင့် ၄၅ လမ်းကြား၊ ၁၀၉(C)လမ်းရှိ သီလရက္ခိတာမွှာရုံတွင် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးမျိုးလွင်က မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ ကျင်းပမည့်လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်ဆွေက မြို့နယ် မြန်မာ အီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းပြသခဲ့သည်။ ဆက်လက်ပြီး မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးပုံနည်းစနစ်များအား လက်တွေ့ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်းကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည်။



ချမ်းမြသာစည်မြို့နယ်အနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားများအား ရပ်ကွက်များအလိုက်(၁-၉-၂၀၂၅)ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးမျိုးလွင်နှင့် မြို့နယ်၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၆၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ)

ချမ်းမြေ့(ချမ်း/စည်)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ ၀၉–၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံ အကြီးအမှူးများသည် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ရယူ၍ မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးပေးပို့ရန်၊

(ခ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံ အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြို့နယ်အလိုက်ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က) နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂ - ၁၀ - ၂၀၂၅) ရက်အရောက် ပေးပို့ရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများအလိုက်ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်း ပုံစံ [၁၅ (က-၁)]နှင့်အတူ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများသို့ (၂၄ - ၁၁ - ၂၀၂၅) ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများတွင် (၂၅ - ၁၁ - ၂၀၂၅) ရက်မှ (၂၉ - ၁၁ - ၂၀၂၅) ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ [၁၅(က-၁)]၊ အသုံးမပြုဘဲကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၆ - ၁၂ - ၂၀၂၅) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့ရန်။

၃။ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်း၊ ဆေးရုံ အကြီးအမှူးများသည် အပိုဒ် ၂ (ဃ) ပါ ကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက်ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်သည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းထောင်၊ အချုပ်ထောင်များ၊ ဆေးရုံများတွင် (၂၉ - ၁၀ - ၂၀၂၅) ရက်နေ့ နောက်ပိုင်းမှ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ခံနေရသူများနှင့် ဆေးရုံတက်ရောက်ကုသရသူများရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ -

(က) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ထံမှလည်းကောင်း ရယူ၍ ဖြည့်စွက်ပြီး (၁၂ - ၁၀ - ၂၀၂၅) ရက်အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန်၊

(ခ) အဆိုပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-ဂ) နှင့်အတူ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ (၂၉-၁၀-၂၀၂၅) ရက်နေ့ အရောက်ပေးပို့ရန်၊

(ဂ) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို မြို့နယ်အလိုက်ပြုစုထားသည့် မြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများစာရင်း ပုံစံ[ ၁၅(ဂ-၁)] နှင့်အတူ ပုံစံ (၁၅) ပေးပို့လာသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ (၂၄ - ၁၁ - ၂၀၂၅) ရက်နေ့အရောက်ပေးပို့ရန်၊

(ဃ) ယာယီနေရပ်စွန့်ခွာနေရသူများ ရောက်ရှိနေသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် (၂၅ - ၁၁ - ၂၀၂၅) ရက်မှ (၂၉ - ၁၁ - ၂၀၂၅) ရက်အတွင်း သင့်လျော်သည့်နေ့ရက်၊ သင့်လျော်သည့်နေရာ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ [ ၁၅ ( ဂ-၁ )]၊ အသုံးမပြုဘဲ ကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များနှင့်အတူ မဲစာရင်းပါရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၆ - ၁၂ - ၂၀၂၅) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

(စ) မဲစာရင်းပါရှိသည့် မြို့နယ်မှ ယာယီနေရပ်စွန့်ခွာနေရသူများသည် ပုံစံ (၁၅) ဖြင့် မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်အတွက် ကြိုတင်မဲမပေးလိုပါက လက်ရှိရောက်ရှိနေသော မြို့နယ်တွင် မဲစာရင်းပါရှိစေရေး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀ ပါ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ (၂၇-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃ - က) ဖြင့် လျှောက်ထားရန်။

၆။ သို့ဖြစ်ပါ၍ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပတွင်ရောက်ရှိနေသော ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာအကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြတိုက်ဒုတိယတာဝန်ခံက ပြတိုက်အတွင်းရှိ လျို့ကျိုးစက်မှုသမိုင်းကြောင်းပြခန်း၊ ဂေဟာဇေဒဆိုင်ရာပြခန်းနှင့် လုပ်ငန်းများပြခန်းတို့တွင် ခင်းကျင်းပြသထားသော ၁၉၀၂ ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် ထင်ရှားသောရှေးဟောင်းစက်မှုပစ္စည်းများ၊ ယခုခေတ်ကာလအထိ စက်မှုလုပ်ငန်း တိုးတက်မှုအဆင့်ဆင့်အခြေအနေများ၊ ခေတ်အဆက်ဆက် လျို့ကျိုးမြို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းဓာတ်ပုံများနှင့် အခြားပြခန်းတို့ကို ရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုက်လံကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လျို့ကျိုးမြို့ရှိ SAIC GM-Wuling Auto Co., Ltd. ၏ ဝူလင် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံ၏ သမိုင်းကြောင်း၊ နှစ်အလိုက်ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများ၊ ထုတ်လုပ်ပြီးကားများအား ဈေးကွက်အတွင်း ရောင်းချပေးနေမှု၊ ၂၀၁၇ ခုနှစ်မှ စတင်၍ EV မော်တော်ယာဉ်များ စတင်ထုတ်လုပ်နေမှု၊ AI Operations Center နှင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်များ၏ အရည်အသွေး၊ ကြံ့ခိုင်မှု၊ လုံခြုံမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် စက်တင်ဘာ ၁၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Unitrust Enterprise Group of Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR 03 နှင့် AIQAR eQ7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Htet Wai Yan Hein Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ဆောင်ရွက်ထားမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ ဥတ္တရသီရိမြို့နယ် တောင်ညိုကြိုးဝိုင်းအတွင်း အမြန်လမ်းမကြီး မိုင်တိုင် ၂၂၂/၅ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၅ ဧက စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထားသောအပင်များ ဆက်လက်ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မိုင်တိုင် ၂၃၃/၂ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၅ ဧက တည်ထောင်စိုက်ပျိုးရန် မြေနေရာရှင်းလင်းနေမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် အထက်ဆင်သေကြိုးဝိုင်းအတွင်း အမြန်လမ်းမကြီး မိုင်တိုင် ၂၄၀ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၀ ဧက စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်း မိုင်တိုင် ၂၂၆/၁ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၀ ဧက စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း၊ ငလိုက်ကြိုးဝိုင်းအတွင်း မိုင်တိုင် ၂၂၂/၅ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၅ ဧက စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲယာအပါအဝင် အာဆီယံကားလမ်းဘေးဝဲယာနှင့် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်စေရေးအတွက် ကားလမ်းဘေးဝဲယာတွင် တောအုပ်ငယ်များ အသွင်ဖြစ်စေရန် တစ်အုပ်တစ်မစိုက်ပျိုးခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ မိုးရာသီတွင် တစ်အုပ်တစ်မစိုက်ခင်း ၁၂ ဧက အပင် ၁၈၃၀၀ ကို စိုက်ပျိုးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အမြန်လမ်းမကြီးဘေးဝဲယာ တစ်အုပ်တစ်မစိုက်ပျိုးခြင်းအပါအဝင် မြေနေရာ ဧက ၁၆၅ ဧကတွင် အပင် ၁၉၄၂၀၀ ကို ၂၀၂၅ မိုးရာသီအတွင်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာအချက်အလက်များနှင့် မဲပေးစက်အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မဲပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၊ အသုံးပြုပုံ နည်းစနစ်များနှင့် ပက်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်






# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မကွေး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် ယနေ့နံနက် ၁၀ နာရီက စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာ အသိပညာပေး Talk Show ကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာအသိပညာပေး Talk Show ကျင်းပပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

# ရတနာပုံတက္ကသိုလ်၌ အတန်း(၁၄)တန်း၏ (ပထမနှစ်ဝက်)နှင့် (ဒုတိယနှစ်ဝက်) နေ့သင်တန်းအသီးသီးတို့၏ စာမေးပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ နေ့သင်တန်းတို့ အသီးသီးတို့၏ (ဒုတိယနှစ်ဝက်)နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စတုတ္ထနှစ်(၂၀၂၀ အောင်)၊ ဒုတိယနှစ် ဂုဏ်ထူးတန်းသင်တန်း၊ ဒုတိယနှစ် မဟာသင်တန်း(ဥပဒေပညာ)၊ ပထမနှစ် စာကြည့်တိုက်နှင့်သုတပညာဘွဲ့လွန်ဒီပလိုမာ(ပထမနှစ်ဝက်) နေ့သင်တန်းအသီးသီးတို့၏ စာမေးပွဲများကို စက်တင်ဘာ ၁၅ ရက်နေ့တွင် စတင်ကျင်းပလျက်ရှိရာ စာဖြေခန်းအသီးသီးသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ စာမေးပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (အောက်ပုံ)

အဆိုပါ စာမေးပွဲတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(ဒုတိယနှစ်ဝက်)တွင် ပထမနှစ်သင်တန်း၊ ဒုတိယနှစ်သင်တန်း၊ တတိယနှစ်သင်တန်း၊ စတုတ္ထနှစ်သင်တန်း၊ ပဉ္စမနှစ်သင်တန်း(ဥပဒေ)၊ ပထမနှစ် ဂုဏ်ထူးတန်းသင်တန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်းသင်တန်း၊ တတိယနှစ် ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် ပထမနှစ် မဟာဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေသင်တန်း အသီးသီးတို့တွင် တက်ရောက်ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (ပထမနှစ်ဝက်)တွင် စတုတ္ထနှစ်သင်တန်း(၂၀၂၀ အောင်)၊ ဒုတိယနှစ် ဂုဏ်ထူးတန်းသင်တန်း၊ ဒုတိယနှစ် မဟာသင်တန်း(ဥပဒေ)၊ ပထမနှစ် စာကြည့်တိုက်နှင့်သုတပညာဘွဲ့လွန်ဒီပလိုမာ သင်တန်းအသီးသီးတို့တွင် တက်ရောက်ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ဖြေဆိုကြသည်။



အဆိုပါ စာမေးပွဲများကို စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၃ ရက်နေ့ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ကျောင်းဝင်မှတ်ပုံတင်ဦးရေမှာ (၅၀၅၇)ဦးရှိကြောင်း သိရသည်။ (၀၈၂)

# ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကူမဲမြို့အတွင်းရှိ ရပ်ကွက်များတွင် အဓိကကျသည့်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းလုပ်သားများဖြင့် ရေနုတ်မြောင်းများအတွင်းမှ အမှိုက်ဆယ်ယူရှင်းလင်းခြင်းကို ရပ်ကွက်အစဉ်အလိုက် အလှည့်ကျစနစ်ဖြင့် ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကူမဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး၊ ကူမဲမြို့ စည်ပင်သာယာရေးဈေးတာဝန်ခံနှင့် ကူမဲမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ရပ်ကွက်များအတွင်းရှိ မြောင်းအတွင်း ပိတ်ဆို့နေသည့်အမှိုက်များကို လူအင်အား၊ စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်း၍ မော်တော်ယာဉ်များဖြင့် သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းထွန်း(မြစ်သား)


| | |
|---|---|
| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး | NGB |
| ပီရိုနာ ၀ - ၀ ခရီမိုနီ | |

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။







ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ် -

၁။ ပြည်သူ့စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော့်ရဲ့ ဆန္ဒပါ၊ အိမ်ကမိဘဆွေမျိုးတွေရဲ့ ဆန္ဒပါလို့ တာဝန်ထမ်းဆောင်တာလည်း ဖြစ်ပါတယ်။ ဒီအပတ်စဉ် (၁၇) ပြည်သူ့စစ်မှုထမ်းကို တာဝန်ကျေကျေနဲ့ပဲ ထမ်းဆောင်သွားပါမယ်။ ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်သူတွေကို စောင့်ရှောက်ချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ နှစ်နှစ် တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ ကာလကို တာဝန်ကျေကျေ လေးလေးနက်နက် ရှိရှိသေသေ လေးလေးစားစားနဲ့ တာဝန်ထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်။

၂။ ကျွန်တော် ဒီသင်တန်းတက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အမျိုးဘာသာသာသနာ အကုန်လုံးကို တစ်တပ်တစ်အား တစ်ထောင့်တစ်နေရာကနေပြီးတော့ စောင့်ရှောက်ချင်တဲ့ ဆန္ဒဖြစ်ပါတယ်။ မိဘတွေကို ခွင့်တောင်းတဲ့အချိန်မှာ မိဘတွေကလည်း ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော့်ဆန္ဒလည်း ပါပါတယ်။ နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးလို့ရှိရင် တပ်မတော်က ကျွန်တော့်ကို ထပ်ပြီးလိုအပ်နေမယ်ဆိုရင်တော့ ကျွန်တော်ဆက်ပြီး တာဝန်ထမ်းဆောင်ဖို့ ရှိပါတယ်။

၃။ ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ လာတက်တာပါ။ အိမ်ကမိဘတွေလည်း အကုန်လုံးခွင့်ပြုပါတယ်။ တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်က မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် အေးချမ်းသာယာဖို့အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူလေး ဖြစ်စေချင်လို့ပါ။

သတင်းစဉ်







# တန်ဖိုးထားတတ်ကြပါစေ

နန္ဒ(လောကမင်း)

စာပေမိတ်ဆွေတစ်ဦးဖြစ်တဲ့ မြင့်သန်း-စိမ်းလန်းမြေရဲ့ ဖိတ်ကြားမှုကြောင့် ဘုရားအနေကဇာတင်နှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲတစ်ခုကို သွားရောက်ဖြစ်ခဲ့ပါတယ်။ မိမိရောက်သွားတဲ့အချိန် နောက်ကျနေတာကြောင့် ဘုန်းကြီးတရားမနာဖြစ်တော့ဘဲ၊ မိတ်ဆွေစာရေးဆရာရဲ့ဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး ဧည့်ခံကျွေးမွေးတဲ့ ကြက်ဆီထမင်းကို စားကောင်းကောင်းနဲ့စားလိုက်တာ နှစ်ပန်းကန်တောင်ကုန်သွားတယ်။ ဘယ်ဆိုင်ကမှာထားတာလဲမေးတော့ ဇမာမလေးဆိုင်ကတဲ့ ကောင်းလိုက်တဲ့အရသာပဲဆိုပြီး မှတ်ချက်ပြုလိုက်မိပါတယ်။

စားသောက်ပြီးတော့ စကားစမြည်ပြောရင်း ကျောင်းဆရာဟောင်းတစ်ဦးနဲ့ စကားပြောဖြစ်ခဲ့ရာမှာ သူက ဒီခေတ်ကလေးတွေစာဖတ်တဲ့အလေ့အကျင့်ပျောက်နေပြီ။ တစ်ချိန်လုံး ဖုန်းတစ်လုံးနဲ့ဂိမ်းဆော့နေကြတာ အသိဉာဏ်တွေက ယုတ်လျော့နေပြီလို့ ပြောပါတယ်။ ဆက်ပြီး အရင် ကျွန်တော်တို့ငယ်ငယ်ကဆို ရပ်ကွက်တိုင်းမှာ စာအုပ်အငှားဆိုင်လေးတွေရှိကြောင်း၊ အခုတော့ စာအုပ်အငှားဆိုင်တွေ ပျောက်ကွယ်ကုန်ပြီလို့ ပြောပါတယ်။ စာဖတ်တဲ့အလေ့အကျင့်တွေမရှိကြတော့ စာပေဗဟုသုတတွေလည်း ဆိတ်သုဉ်းကုန်ပြီ။ ယဉ်ကျေးမှုဓလေ့တွေလည်း မသိရှိကြတော့ဘူးလို့ ညည်းတွားပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် မြန်မာစာအရေးအသားမှာလည်း သတ်ပုံတွေမမှန်တော့ဘဲ အမှားတွေများနေကြောင်း မြန်မာစာကောင်းကောင်းမတတ်လို့ အင်္ဂလိပ်စာတတ်လားဆိုတော့လည်း ပိုသာဆိုးပါပဲတဲ့။ မြန်မာစာမှာ အရေးအသားက အရေးကြီးကြောင်း အဓိပ္ပာယ်မှားသွားနိုင်ကြောင်း ပြောပြပါတယ်။ အရင်ကဆို စာလုံးပေါင်းသတ်ပုံအမှန်သိချင် သတင်းစာဖတ်ဆိုပြီး ညွှန်းလေ့ရှိကြောင်း ခုခေတ်က တချို့သတင်းစာတွေကိုယ်တိုင်ကပင် သတ်ပုံမှားနေတာကို တွေ့ခဲ့ရတယ်လို့ ပြောပြပါတယ်။ အလှူကို တချို့ကလေးတွေက အလျှုဆိုပြီး ရေးနေကြတာကိုတွေ့ရလို့ စိတ်မကောင်းဖြစ်ရတယ်လို့ဆိုပါတယ်။ ဒါ့အပြင် ကောင်းမှုလို့ ရေးရာမှာလည်း ကောင်းမှူ့ဆိုပြီး အောက်ကမြစ် ထည့်ရေးနေကြတဲ့အတွက် မမှားသင့်တာကို မှားနေကြတာဖြစ်တယ်လို့ ဆက်ပြောပါတယ်။ စာကြောင်းတစ်ကြောင်းမှာဆို သားဖြစ်သူက အမေကို အနောက်မှပြေးဖက်သည်လို့ရေးထားကြောင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟု အရပ်ဒေသကိုခွဲခြားထားကြောင်း အနောက်ဟုရေးတဲ့အတွက် အရပ်မျက်နှာဖြစ်သွားကြောင်း အမှန်က နောက်ကပြေးဖက်သည်ဟု ရေးရမှာဖြစ်ကြောင်း အ, ထည့်စရာမလိုကြောင်း ရှေ့၊ နောက်၊ ဘေး၊ အောက်ကို ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းပြသည်။

မိမိလည်း သူရှင်းပြသည်ကိုနားထောင်ရင်း စဉ်းစားမိတာက ယခုခေတ်သည် စာဖတ်ခြင်းဓလေ့ ပျောက်ဆုံးနေပြီး ဆိုရှယ်မီဒီယာခေတ်ဖြစ်နေသောကြောင့် အများစုသည် စာအုပ်ထက် ဖုန်းများဖြင့်သာ အချိန်ကုန်နေကြသည်။ ခေတ်လူငယ်တို့က အင်တာနက်ဂိမ်းကစားခြင်းများ၊ Facebook အသုံးပြုခြင်းများ၊ Youtube, Tik Tok, Telegram စသည်တို့ သုံးစွဲခြင်းကို ပိုမိုနှစ်ခြိုက်လာကြသည်။

'**စာအုပ်စာပေ လူ့မိတ်ဆွေ**' ဟု ဆိုသော ဆိုရိုးစကားပင် ပျောက်ဆုံးလုနီးပါးဖြစ်နေပြီ။ '**စာပေတင့်မှ လူမျိုးမြင့်မည်**'၊ '**အလိမ္မာစာမှာရှိ**' ဆိုသကဲ့သို့ ယဉ်ကျေးလိမ္မာမှု၊ စာနာထောက်ထားမှုတို့သည် စာပေများစွာကို ဖတ်ရှုလေ့လာထားသောသူမှသာ သိရှိလိုက်နာကြမည်ဖြစ်သည်။ မြန်မာစာ၊ မြန်မာစကားသည် တန်ဖိုးရှိ၏။ တန်ဖိုးမြင့်၏။ အဓိပ္ပာယ်လေးနက်၏။ သူ့နေရာနှင့်သူ အထားအသို မှန်မှန်ကန်ကန်ရှိ၏။ ဝေါဟာရကြွယ်ဝ၏။ ထိုသို့သော ဂုဏ်ပုဒ်များကြောင့် မြန်မာစာပေသည် ခေတ်အဆက်ဆက် မပျောက်မပျက်ဘဲ တည်ရှိနေခြင်းဖြစ်သည်။

အချို့သည် မိမိတို့၏ မိခင်ဘာသာဖြစ်သော မြန်မာစာပေကို အထင်သေးကြသည်။ လေ့လာလိုက်စားမှုမရှိကြ၊ ရေးထုံးနားမလည် အထားအသိုမမှန် ဖြစ်ကတတ်ဆန်းရေးကြ၊ သုံးကြ၊ ဖတ်ကြသည်။ မွေးစားစာလုံးများဖြင့် အစားထိုးတတ်ကြသည်။ အမှန်ကိုမသုံး၊ မရေးကြတော့ပေ။ အင်တာနက် လူမှုစာမျက်နှာပေါ်တွင် ကိုကြီးကို ကွီး၊ ညီမကို ညေး၊ မုန့်ဟင်းခါး(ငါး)ကို မွင်းခါး၊ အဖေကို ဖီဖီ စသည်ဖြင့် မြန်မာစကားကို ဖျက်လိုဖျက်ဆီး လုပ်နေကြသည်။

မိမိတို့ကိုယ်တိုင်က မြန်မာစာကို အလေးမထားဘဲ ပေါ့ပြက်ပြက် လုပ်နေမည်ဆိုပါက တိုင်းတစ်ပါးသားတွေရဲ့ အထင်သေးကဲ့ရဲ့ခြင်းကို ခံရမှာဖြစ်သည်။ လူမျိုးတင့်ဖို့ စာပေမြင့်ဖို့ လိုအပ်ပေသည်။ ထိုသို့မဟုတ်ပါက မြန်မာစာပေသည် မျက်နှာငယ်နေရဦးမည် ဖြစ်သည်။

မည်မျှကြာအောင် တွေးတောစဉ်းစားနေသည်မသိ မိတ်ဆွေဆရာ စိမ်းလန်းမြေက 'ဆရာလောကမင်း ဘာတွေများ တွေးနေတာလဲဗျ။ ဒီမှာခေါ်နေတာ သုံးလေးခွန်းရှိနေပြီ။' 'ဪ…ဟုတ်လား တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် နည်းနည်းအတွေးလွန်သွားလို့ပါ။ ဒီလိုဗျ ကျွန်တော်တို့နိုင်ငံရဲ့ နောက်မျိုးဆက်သစ်လေးတွေ မြန်မာစာပေကို ချစ်ခင်မြတ်နိုးလာအောင် ဘယ်လိုအသိပညာပေးရင် ကောင်းမလဲလို့ တွေးနေတာပါဗျာ။' 'ဟုတ်လား ဆရာ လောကမင်း ပြောမှ ကျွန်တော်လည်းစဉ်းစားမိတယ်။ ခုခေတ်လူငယ်တွေက ကိုယ့်မိခင်ဘာသာရပ်ဖြစ်တဲ့ မြန်မာစာအပေါ်မှာ အထင်သေးနေကြတာ၊ အလေးထားမှုနည်းတာကတော့ အမှန်ပဲဗျ။ တခြားဘာသာစကားတွေအပေါ်မှာ အလေးထားနေကြတာကိုတွေ့ရတာ တယ်ပြီး ဘဝင်မကျဘူးဗျာ။ တခြားဘာသာစကား၊ စာပေတွေကို မသင်ရဘူး၊ မတတ်ရဘူးလို့ မဆိုလိုပါဘူး ကိုယ့်ဘာသာစကား၊ စာပေကိုတော့ အထင်မသေးသင့်ဘူး မဟုတ်လားဗျ။'

---

**ကိုယ့်ဘာသာစာပေကို ကိုယ်တိုင်တန်ဖိုးထားမှ စာပေတန်ဖိုးမြင့်မယ်။ တင့်တယ်မယ်လေ။ စာပေတင့်မှ လူမျိုးမြင့်မှာဗျ။ ဒါကြောင့် မြန်မာစာကိုရေးတော့မယ်ဆိုရင် သူ့ရဲ့ရေးထုံးနည်းစနစ်တွေအတိုင်း စည်းကမ်းတကျရေးမှ မှန်ကန်မှာလေ။ ပြီးစလွယ် ခပ်ပေါ့ပေါ့ရေးကြရင် အမှားကြာ အမှန်ဖြစ်ဆိုသလို အားလုံး အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်မှာ သေချာတယ်ဗျ။ ခုဆိုရင် နိုင်ငံတော်အစိုးရက စာဖတ်ရှိန်မြှင့်တင်ရေးတွေ၊ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးတွေကို အလေးပေးဆောင်ရွက်နေတာကလည်း အဲ့ဒီအကြောင်းအရာတွေကြောင့်ပဲဗျ။**

---

'အင်း‥ ဆရာစိမ်းလန်းပြောတာ မှန်တယ်ဗျ။ ခုခေတ်လူငယ်တွေက မြန်မာစာကို တော်တော်အထင်သေးကြတယ်။ စာပေဟောပြောပွဲတွေ မရှိတာလည်း ပါတာပေါ့။ နောက်ပြီး စာအုပ်အငှားဆိုင်တွေ ပျောက်ကွယ်သွားတာကလည်း အကြောင်းရင်းတစ်ခုပဲလေ။ စာအုပ်ဈေးတွေက အဆမတန်တက်နေတော့ တချို့ဆို စာဖတ်ဝါသနာပါလည်း စာအုပ်မဝယ်နိုင်တော့ အခက်တွေ့ရတာပေါ့ ဆရာရယ်။ ကျွန်တော်တောင် တစ်နေ့က စာအုပ်အရောင်းဆိုင် ရောက်သွားတာ ကိုယ်ကြိုက်တဲ့စာအုပ်လေးတွေ့လို့ ဈေးနှုန်းကြည့်လိုက်ပါတယ် အားပါးပါး နှစ်သောင်းကျော်နေလို့ အသာလေး ပြန်ထားခဲ့ရတယ်ဗျို့။'

'အမှန်ပဲ ဆရာလောကမင်းရေ၊ လက်ဖက်ရည် တစ်ပတ်လောက် မသောက်ဘဲ ဝယ်မှရလိမ့်မယ်ဗျ။' 'ဟုတ်ပါ့ဗျာ။ ဪ… ဒါနဲ့ ဆက်ပါဦး ဆရာလောကမင်းရ၊ ခေတ်ကလေးတွေနဲ့ မြန်မာစာပေအကြောင်းလေး။' 'ဒီလိုဗျ ကလေးတွေက မြန်မာစာကို ပေါ့ပေါ့တန်တန် သဘောထားနေကြတာလေ။ မြန်မာစာပဲ လွယ်ပါတယ်ကွာ။ ဘယ်လိုဖြေဖြေ အောင်ပါတယ်။ အေးဆေးပါဆိုပြီး ပေါ့တော့တော့နေကြတာ တက္ကသိုလ်ဝင်တန်းမှာ မြန်မာစာနဲ့ ကျကြတာမှတစ်ပုံကြီးပဲ' 'ကျွန်တော် အရင်က အခမဲ့စာသင်ကျောင်းတစ်ခုမှာ ဆယ်တန်း မြန်မာစာသင်တုန်းက တပည့်တစ်ဦးကို မေးဖူးတယ်။ မင်း ကကြီး၊ ခခွေးကို အလွတ်ရလားမေးတော့။ ရပါတယ်ဆရာတဲ့။ အေး… ဒါဆို ဆိုပြစမ်းကွာဆိုတော့ ချောနေတာပဲ။ ချရေးပြစမ်းလို့ ခိုင်းလိုက် တော့မှ ကွဲတော့တာပါပဲ။ ငွ(ငွကြီး)ကိုရေးတာ ပြောင်းပြန်ကြီးဗျာ။ အလှည့်မှားနေတာလေ။ မင်းရေးတာမှန်ရဲ့လားကွလို့ မေးလိုက်တော့ မှန်ပါတယ်ဆရာတဲ့။ သေချာပြန်စစ်ပါဦးကွာဆိုတော့လည်း မှန်ပါတယ်ဆရာရဲ့။ ဘယ်နေရာမှားလို့လဲတဲ့။ သူ့အမှားကို သူမသိဘူးဗျ။ ကျွန်တော်က ထောက်ပြမှ သူသိသွားပြီး ဟီးဟီးတဲ့။

ခုခေတ် အချို့လူငယ်လေးတွေက ဋ(ဋသန်လျင်းချိတ်)ကို ဘယ်လှည့်ရမှန်း၊ ဍ (ဍရင်ကောက်)ကို ဘယ်လှည့်ရမှန်း မသိကြတော့ဘူး။ အလေးအနက်မထားတော့ မရေးတတ်ကြတော့ဘူး၊ ကျွန်တော်တို့မြန်မာစာက အရေးအသား၊ သတ်ပုံကစပြီး သူ့နေရာနဲ့သူ အထားအသိုမှန်အောင်ရေးမှလည်း အဓိပ္ပာယ်ရှိတာလေဗျာ။ ပေါ့တော့တော့နဲ့ အလေးအနက်မထားဘဲ ပြီးစလွယ်ရေးကြတော့ ဆိုလိုရင်းအဓိပ္ပာယ်တွေ လွဲကုန်တော့တာပေါ့ဗျာ။ စားသောက်ဆိုင်တစ်ခုမှာ ကျောက်သင်ပုန်းပေါ်ကို ရေးထားတဲ့စာဆိုရင် 'ဆိုင်ပြင်နေပါသဖြင့် ယာရီပိတ်ထားပါသည်တဲ့' မမှားသင့်တဲ့အမှားမျိုးကို မှားနေကြတာလေ။ နောက်ပြီး အသတ်ကို ကကြီးနဲ့သတ်ရမလား။ တဝမ်းပူနဲ့သတ်ရမလား။ ပသတ်နဲ့သတ်ရမလား။ မသိကြတော့ဘူးဗျ။ အနော်ရထာမင်းလက်ထက်ကို လက်ထပ်ဆိုပြီး ရေးလာကြတယ်။ မြန်မာစာက သတ်ပုံကလည်း အရေးကြီးသလို ပုဒ်အထားအသိုကလည်း အရေးပါတယ်ဗျ။ စာပေနယ် ကျယ်ဝန်းတဲ့ ကျွန်တော်တို့မြန်မာစာက အခြားစာပေတွေထက် ပိုပြီးတန်ဖိုးရှိတယ်။ ဂုဏ်ရှိတယ်လေ။'

'အမှန်ပဲ ဆရာစိမ်းလန်းရေ ကိုယ့်ဘာသာစာပေနဲ့ ကိုယ့်စကားကို ကိုယ်ကိုယ်တိုင်ကမှ အလေးဂရုမထားဘူး၊ တန်ဖိုးမထားဘူးဆိုရင် ရှေ့ရေးမတွေးဝံ့စရာပဲဗျာ။ ခုဆို တိုင်းတစ်ပါးသားတွေကတောင် မြန်မာစာ၊ မြန်မာစကားကို သင်ယူနေကြတာ ခင်ဗျားအမြင်မဟုတ်လား။

ချုပ်ပြောရရင် ကိုယ့်ဘာသာစာပေကို ကိုယ်တိုင်တန်ဖိုးထားမှ စာပေတန်ဖိုးမြင့်မယ်။ တင့်တယ်မယ်လေ။ စာပေတင့်မှ လူမျိုးမြင့်မှာဗျ။ ဒါကြောင့် မြန်မာစာကိုရေးတော့မယ်ဆိုရင် သူ့ရဲ့ရေးထုံးနည်းစနစ်တွေအတိုင်း စည်းကမ်းတကျရေးမှ မှန်ကန်မှာလေ။ ပြီးစလွယ် ခပ်ပေါ့ပေါ့ရေးကြရင် အမှားကြာ အမှန်ဖြစ်ဆိုသလို အားလုံးအလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်မှာသေချာတယ်ဗျ။ ခုဆိုရင် နိုင်ငံတော်အစိုးရက စာဖတ်ရှိန်မြှင့်တင်ရေးတွေ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးတွေကို အလေးပေးဆောင်ရွက်နေတာကလည်း အဲ့ဒီအကြောင်းအရာတွေကြောင့်ပဲဗျ။'

'ဟုတ်ပါ့ ဆရာလောကမင်းရေ။ ခင်ဗျား ရှင်းပြပြောပြမှပဲ မြန်မာစာက သူ့နည်းစနစ်တွေ၊ ရေးထုံးတွေ၊ တိကျတဲ့အဓိပ္ပာယ်တွေ ရှိမှန်းသိရတော့တယ်။ ကျေးဇူးပါပဲဗျာ။'

'ဟုတ်ကဲ့ပါ ဆရာစိမ်းလန်းရေ။ ကဲ…ကျွန်တော်လည်း အလုပ်လေးရှိလို့ ပြန်လိုက်ဦးမယ်ဆိုပြီး ဆရာစိမ်းလန်းကို နှုတ်ဆက်ကာ ပြန်လာခဲ့ရင်း စိတ်ထဲက မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာရေးထုံးတွေကို မှန်မှန်ကန်ကန် ရေးတတ်၊ သုံးတတ်ကြပါစေ၊ တန်ဖိုးထားတတ်ကြပါစေလို့ တွေးတောဆုတောင်းရင်းဖြင့် -----။

# ရုရှား - ဘယ်လာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆောင်ရွက်

**မင့်စ် စက်တင်ဘာ ၁၅**

ရုရှား - ဘယ်လာရုစ် နှစ်နိုင်ငံတပ်မတော်များကြား Zapad-2025 ဟု အမည်ရသည့် ပူးတွဲစစ်ရေး လေ့ကျင့်မှုကို ဘယ်လာရုစ်နိုင်ငံ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။

ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း ခြေလျင်တပ်ဖွဲ့များက ရန်သူများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ တပ်ဖွဲ့ဝင်များက ဆိုင်ကယ်များပေါ်မှ လက်နက်ဖြင့် ပစ်ခတ်ခြင်းနှင့်လေကြောင်းကာကွယ်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များနှင့် ပစ္စည်းကိရိယာများကို စက်ရုပ်များဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်ခန်းအတွင်း ခြေလျင်တပ်ဖွဲ့ဝင်များက မမြင်ကွယ်ရာမှ စောင့်ကြည့်ကာကွယ်ပေးခြင်းတို့ကို လေ့ကျင့်ခဲ့သည်။ ယင်းစစ်ရေးလေ့ကျင့်မှုကို နိုင်ငံ ၁၅ နိုင်ငံမှ သတင်းထောက် ၁၅၀ ကျော်က သတင်းရယူခဲ့ကြောင်း ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်မည့် အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဘယ်လာရုစ်နိုင်ငံကာကွယ်ရေးနှင့် ကျူးကျော်မှုများကို တိုက်ထုတ်ရေးအတွက် အသင့်ပြင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



## အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးဆွေးနွေးပွဲ ဒုတိယနေ့အစည်းအဝေးကို စပိန်နိုင်ငံ၌ ကျင်းပ

**မက်ဒရစ် စက်တင်ဘာ ၁၅**

အမေရိကန်နှင့် တရုတ် အရာရှိများသည် တရုတ်ပုဂ္ဂလိကပိုင် တစ်တော့ကုမ္ပဏီအပေါ် ချမှတ်ထားသော ပိတ်ပင်မှု သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သဖြင့် စပိန်နိုင်ငံတွင် ကုန်သွယ်ရေးဆွေးနွေးပွဲ ဒုတိယနေ့ အစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟယ်လိဖန်တို့ ဦးဆောင်သော အဆိုပါ ဆွေးနွေးပွဲများသည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံနှစ်ခုကြား ကုန်သွယ်ရေးအားပြိုင်မှု အဆုံးသတ်ရန် နောက်ဆုံးကြိုးပမ်းမှုဖြစ်သည်ဟု ဆိုသည်။

အမေရိကန်နှင့်တရုတ် ထိပ်တန်းကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များသည် ပြီးခဲ့သည့် ဇူလိုင်လက ဆွီဒင်နိုင်ငံတွင် နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ကြပြီး အခွန်စည်းကြပ်မှုဆိုင်ရာ ရပ်စဲရေးကို ရက်ပေါင်း ၉၀ ထပ်မံတိုးမြှင့်ခဲ့သည်။



သမ္မတရာထူး ပထမသက်တမ်းတွင် တစ်တော့ကိုပိတ်ပင်ရန် ကနဦးဆုံး တောင်းဆိုခဲ့ပြီးနောက် လူကြိုက်များသော ဗီဒီယိုမျှဝေရေးအက်ပ်နှင့် ပတ်သက်၍ အပိတ်ခံရသည့်ရက်ကို ထရမ့်က သုံးကြိမ်မြောက် ရွှေ့ဆိုင်းပေးခဲ့သည်။

လွဲပြောင်းဝယ်ယူသူ တွေ့သည်အထိ တစ်တော့သက်တမ်းကို ဆက်လက်တိုးမြှင့်သွားရန် ယခင်လက ထရမ့်အကြံပြုခဲ့ပြီး တစ်တော့၏ မိခင်ကုမ္ပဏီဖြစ်သော ဘိုက်ဒန့်စ်နှင့်ပတ်သက်သည့် အမျိုးသားလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာလုံခြုံမှုဆိုင်ရာ စိုးရိမ်မှုများကို ထရမ့်က ဝေဖန်ထောက်ပြခဲ့သည်။

အဆိုပါအက်ပ်သည် အမေရိကန်ပြည်ထောင်စုတွင် သုံးစွဲသူ ၁၇၀ သန်းခန့်ရှိပြီး ကမ္ဘာပေါ်တွင် အသုံးအများဆုံး လူမှုမီဒီယာ ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံသို့ ရုရှားနိုင်ငံသားများ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ လာရောက်နိုင်မည်

**မော်စကို စက်တင်ဘာ ၁၅**

တရားဝင်နိုင်ငံကူးလက်မှတ်ရှိသူ ရုရှားနိုင်ငံသားများသည် ယခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်၍ တရုတ်နိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာ မလိုဘဲ ရက် ၃၀ အထိ လာရောက်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံသားများအား လာမည့်နှစ်စက်တင်ဘာ ၁၄ ရက်အထိ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ တရုတ်နိုင်ငံသို့ လာရောက်ခွင့်ပြုမည်ဖြစ်ကာ ခရီးသွားလာရေး လုပ်ငန်းဖြင့်လာရောက်ခြင်း၊ စီးပွားရေးကိစ္စဖြင့် လာရောက်ခြင်း၊ ဆွေမျိုးများထံလာရောက်ခြင်းနှင့် အလည်အပတ်ခရီးသွားရာ ဒေသအဖြစ် လာရောက်ခြင်းကို ခွင့်ပြုမည်ဖြစ်သည်။ လာရောက်လိုသူ ရုရှားနိုင်ငံသား များအနေဖြင့် နိုင်ငံကူးလက်မှတ်သက်တမ်း ခြောက်လရှိရမည်ဖြစ်ကာ တရုတ်နိုင်ငံရှိ ဒေသများသို့ သွားရောက်ရန် အခွင့်အရေးများရရှိမည်ဟု သိရသည်။

ကိုးကား - တက်စ်သတင်းဌာန

ဘာသာပြန် - စိုးသူရ

## တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျိုလင်ပြည်နယ် စီပင်းမြို့ရှိ စက်ရုံမှ ရုရှားသို့ တင်ပို့မည့် စက်ပစ္စည်းများ နောက်ဆုံးအဆင့် ပြင်ဆင်လျက်ရှိ

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျိုလင်အက်စ်အက်စ်ကေ လျှပ်စစ်စက်ပညာ ကုမ္ပဏီပိုင် စက်ရုံတစ်ခုတွင် ယခင်လနှောင်းပိုင်းက စက်ရုပ်လက်တံများသည် တိကျစွာ လှုပ်ရှားနေပြီး လုပ်သားများက ရုရှားသို့ တင်ပို့မည့် စက်ပစ္စည်းများအား နောက်ဆုံးအဆင့် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။



ကျိုလင်ပြည်နယ် စီပင်းမြို့ရှိ ယင်းကုမ္ပဏီ၏ ဇန်နဝါရီလမှ ဇူလိုင်လအထိ စုစုပေါင်း နိုင်ငံခြားကုန်သွယ်ရေးတန်ဖိုးမှာ ယခင်နှစ်ထက် ၆၁၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ကာ ယွမ် ၃၁ ဒသမ ၉၆ သန်း(အမေရိကန် ဒေါ်လာ ၄ ဒသမ ၄၈ သန်း)သို့ ရောက်ရှိခဲ့ပြီး ထိုဒေသရှိ နိုင်ငံများသို့ တင်ပို့မှုမှာ ယွမ် ၁၇ ဒသမ ၁၃ သန်းအထိ ရှိခဲ့သည်။

တရုတ်၊ ရုရှား၊ မွန်ဂိုးလီးယား၊ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကိုရီးယား၊ ကိုရီးယား သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပါဝင်သည့် အရှေ့မြောက်အာရှဒေသသည် သာယာသော သယ်ယူပို့ဆောင်ရေး အခြေအနေများနှင့် ကြွယ်ဝသော လူသား၊ သတ္တုနှင့် ပင်လယ်ထွက် ပစ္စည်း အရင်းအမြစ်များနှင့် စက်မှုလုပ်ငန်းအားကောင်းမှုများနှင့် ပြည့်စုံသော ကျယ်ပြန့်သော ဒေသတစ်ခု ဖြစ်သည်။

"အရင်တုန်းကတော့ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို အဓိကအားဖြင့် အရှေ့တောင်အာရှနှင့် မြောက်အာဖရိကနိုင်ငံတွေဆီကို တင်ပို့ခဲ့ပါတယ်" ဟု ကုမ္ပဏီဥက္ကဋ္ဌ ကိုဖန်းက ရှင်းပြသည်။

"တရုတ် - အရှေ့မြောက်အာရှ ကုန်စည်ပြပွဲရဲ့ ထောက်ပံ့မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြည့်စုံသော စီးပွားရေးဆိုင်ရာမိတ်ဖက်အဖြစ် စနစ်တကျအကောင်အထည်ဖော်မှုတွေကြောင့် အခုဆိုရင် ကျွန်တော်တို့ဟာ တခြားအရှေ့မြောက်အာရှ ဈေးကွက်တွေကို ပိုမိုလွယ်ကူစွာ ဝင်ရောက်ခွင့်ရနေပါပြီ" ဟု ၎င်းက ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## အမေရိကန် ပဟိုဘဏ်၏ အတိုးနှုန်း လျှော့ချမှု မျှော်လင့်ချက်ကြောင့် အာရှဈေးကွက်များ အတက်အကျမရှိသေးဘဲ ရပ်တန့်နေသည်ဟု ဆို

**စင်ကာပူ စက်တင်ဘာ ၁၅**

အာရှ ဈေးကွက်အသီးသီးရှိ အရောင်းအဝယ်သမားများက ယခုသီတင်းပတ်အတွင်း အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို လျှော့ချဖွယ်ရှိသည်ကို မျှော်လင့်နေကြသဖြင့် စက်တင်ဘာလ ၁၅ ရက်တွင် ဈေးကွက်တန့်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော သီတင်းပတ်များအတွင်း အလုပ်အကိုင်နှင့် ငွေကြေးဖောင်းပွမှုဆိုင်ရာ အချက်အလက်များ ပေါ်ထွက်လာမှုကြောင့် အမေရိကန်ဗဟိုဘဏ် အနေဖြင့် ၎င်း၏အတိုးနှုန်း လျှော့ချရေးကို ပြန်လည်စတင်ရန် လုံလောက်သည့် အခွင့်အလမ်းရရှိခဲ့ပြီး ရှယ်ယာဈေးကွက်များမှာ ကောင်းမွန်စွာ တက်ဆင်းလှုပ်ရှားနေခဲ့သည်။



အမေရိကန်အလုပ်သမားဈေးကွက် ဆက်လက်ပျော့ပျောင်းနေကြောင်း ပြသသော အချက်အလက်များနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အခွန်တိုးမြှင့်မှုများအပြီးတွင် ကုန်ဈေးနှုန်းများ စိုးရိမ်ခဲ့လောက်အောင် မြင့်တက်လာခြင်း မရှိသေးဘဲ ငြိမ်သက်နေသည်။

အထူးအလေးထား စောင့်မျှော်နေသော အစည်းအဝေးတွင် အမေရိကန်ဗဟိုဘဏ်မှ ချေးငွေကုန်ကျစရိတ်ကို ၂၅ ပွိုင့်အထိ လျှော့ချမည်ဟု မျှော်လင့်ရသော်လည်း အချို့လေ့လာသုံးသပ်သူများကမူ ၅၀ ပွိုင့်အထိပင် လျှော့ချနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Mon

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ကျင်းပ

**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် အတွင်းရှိ နယ်စပ်ဒေသတိုင်း ရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၉နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်ခြင်းအခမ်းအနားကျင်းပ ခဲ့သည်။



အဆိုပါအခမ်းအနားသို့ သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ် တပ်ဖွဲ့ဝင်များ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုး ရေးသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ သရက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်က မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခဲ့သည်။ (ဝဲပုံ)

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူလေးများအား မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြခြင်းနှင့် မီးသတိမူရေးဆော်သြခြင်းတို့ကို လက်တွေ့ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေး ကွင်းဆင်းဟောပြော

**မိုင်းယန်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုဆိုင်ရာအကြောင်းအရာများနှင့် ကလေးအလုပ်သမားဆိုင်ရာများကို ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်စေရန်အတွက် "လူကုန်ကူးမှုတားဆီးကာကွယ်ရေး"နှင့် "ကလေးအလုပ်သမားပပျောက်ရေး"ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက မွန်ကဲရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ဈေးတန်းရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းများ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဇာဇာဝင်းက ဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအား အွန်လိုင်းလိမ်လည်မှုဆိုင်ရာအကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။ (အပေါ်ပုံ)

ထို့နောက် မိုင်းယန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးမင်းလတ်က လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှုဖြစ်ပေါ်ရသည့် အဓိကအကြောင်းအရင်းများ၊ နောက်ဆက်တွဲဖြစ်စေနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့်အခြေအနေများ၊ လူကုန်ကူးသည်ဟု သံသယရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့်နေရာများနှင့် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မျိုးဦးက လူကုန်ကူးမှုဆိုင်ရာအရေးယူဆောင်ရွက်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ချမှတ်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ အကြောင်းအရာများဖြင့် အသိပညာပေး ရှင်းလင်းဟောပြောရာ မသိနားမလည်သည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တပ်ကုန်းမြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီ ၄၀ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗျိုင်းအင်းကျေးရွာနေ လှိုင်မင်းဖြိုး(ခ)ကိုဖြိုး(၃၉)နှစ်၏နေအိမ်၌ တရားမဝင် နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ လှိုင်မင်းဖြိုး(ခ)ကိုဖြိုးအား နှစ်လုံး၊



သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တပ်ကုန်းမြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ကလော စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဟဲဟိုး-ကလော ကားလမ်း သီခေါင်တောင်အတက်လမ်းကွေ့အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟဲဟိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဟဲဟိုးမြို့၊ အမှတ်(၅)ရပ်ကွက်နေ -------- (၂၂)နှစ်ဆိုသူ မောင်းနှင်ပြီး --------(၁၇)နှစ် ဆိုသူ လိုက်ပါလာသည့် ----- ISUZU ခြောက်ဘီးယာဉ်ဖြင့် အမှိုက်များတင်ဆောင်၍ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက်ဘေးတွင်ရပ်ထားသည့် ထော်လာဂျီယာဉ်အား ဝင်ရောက်တိုက်မိပြီး လမ်းဘေးကျောက်ဆောင်အား ထပ်မံတိုက်မိခဲ့ကာ --------တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဟဲဟိုးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွား ခဲ့သောကြောင့် --------အား ဟဲဟိုးနယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက်မှ ၆ရက်အထိ အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် စဥ့်ကိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် လေးစီး၊ လိုင်စင်မဲ့ဆိုင်ကယ် ၁၂ စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၂ရက်တွင် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၀၊ လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hijet တစ်စီး၊ Toyo-ta Toyoace Van တစ်စီး၊ Foton Mini Bus တစ်စီးနှင့် သံရွာစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Van တစ်စီးတို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ရက်တွင် ရွာငံမြို့နယ်အတွင်း၌ ယာဉ် ၁၃စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၄၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၇ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Hino Truck နှစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head လေးစီး၊ Sca-nia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ DAF Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




# အွန်လိုင်းမှတစ်ဆင့် တရားမဝင်ထီနှင့်ကုန်ပစ္စည်းများ ရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အကြမ်းဖက်အားပေး ပြည်ပြေးများနှင့်ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ တရားမဝင်ထီနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ပြုလုပ်၍ အကြမ်းဖက်သမားများအား ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၁၁၂ လမ်း နှင့် ၅၄ x ၅၅ လမ်းကြား ထွန်တုံးရပ်ကွက်နေ စံထိုက်သီ အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေကြသူ ပညာရေးဝန်ကြီးဌာနမှ DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်(ဘ) ဦးဇော်စိုး (၃၁) နှစ်နှင့် ဖြိုးမင်းစိုး (ဘ)ဦးဇော်စိုး (၃၅) နှစ်တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ် (၅/၅၈) ဂရုဏာ(၅)လမ်း ကြူစမ်းရွာသစ် ပြန်လည်နေရာချထားရေး ရပ်ကွက်နေ သန်းဇော်မိုး (ဘ) ဦးစိန်ရွှေ (၄၂) နှစ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် Social Media များမှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား DCS လှုပ်ရှားမှုတွင်ပါဝင်ရန် လှုံ့ဆော်ခြင်း၊ မိမိကိုယ်တိုင် DCS ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနမှ DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်ထံသို့ အဝတ်အထည်အမျိုးမျိုးချုပ်လုပ်၍ တရားမဝင် ပို့ဆောင်ပေးခဲ့သည့်အပြင် ခိုင်စုလွင် အွန်လိုင်းမှ တရားမဝင် ရောင်းချလျက်ရှိသည့် ထိုင်းထီများဝယ်ယူခဲ့ကြောင်း၊ ပြည်ပတွင်နေထိုင်သော ခိုင်စုလွင်က အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ငွေကြေးထောက်ပံ့နိုင်ရန် ၎င်းတို့၏ Mobile Payments များအား အခကြေးငွေရယူ၍ အသုံးပြုခွင့်ပေးခဲ့ကြောင်း၊ ရောင်းချရသည့်ငွေများအား ၎င်းတို့အမည်ဖြင့် ဖွင့်လှစ်ထားသော Mobile Payments များမှတစ်ဆင့် ငွေကြေးများလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရသည်။




ပြည်ပြေး DCS (သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ဆက်စပ်သည့် ဖမ်းဆီးရမိသူများ၏ စစ်ကြောမေးမြန်းချက်မှ ရရှိသည့် ပတ်သက်ဆက်စပ်မှုအခြေအနေ

DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်သည် Khaing Su Lwin Facebook Accountနှင့် khaingsu38cdm TikTok Account တို့အား ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာဝတ်စုံများ၊ ရှမ်းဝတ်စုံများနှင့် ညဝတ်အင်္ကျီများကို အွန်လိုင်းစနစ်ဖြင့် လိုင်စင်မရှိဘဲရောင်းချခြင်းလုပ်ငန်းအား DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်ထံမှ ချိတ်ဆက်ရယူလုပ်ကိုင်ခဲ့ခြင်းနှင့် တရားမဝင် ထိုင်းထီ ရောင်းချခြင်းတို့မှ ရရှိလာသောငွေကြေးများအား ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည့်အမိန့်များ ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကိုလည်း အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ ပြည်တွင်း/ပြည်ပမှ တရားမဝင်ရောင်းချခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးစေလျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများဖြစ်သော DCS ဝန်ထမ်း သီတာဇော်၊ ဖြိုးမင်းစိုးနှင့် ငွေကြေးလွှဲပြောင်းရာတွင် ပါဝင်ကူညီခဲ့သည့် သန်းဇော်မိုးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန် လူမှုကွန်ရက်များပေါ်၌ တရားမဝင်ဈေးရောင်းချခြင်းနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့်ပစ္စည်းများအား ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်း၊ ငွေကြေးလွှဲပြောင်းမှုများ ပြုလုပ်နိုင်ရန် အကူအညီပေးခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း အကြမ်းဖက်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းတို့နှင့်ချိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည် ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူခံရနိုင်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန်ရည်ရွယ်၍ တရားမဝင်အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်အား အသုံးပြု၍ တရားမဝင် ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များနှင့် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားနှစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ် နယ်မြေတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားနှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်း ကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၇ ဦး စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်း ပေးအပ်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "pyaephyopaing62" Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျောက်ကြီးစု ရပ်ကွက်နေ ပြည့်ဖြိုးပိုင်အား ည ၈ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Chit Chit Chaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်နေ ချစ်ချစ်ချောအား ည ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## ဟာလန်း မန်စီးတီးအသင်းကစားသမားဘ၀ ပရီးမီးယားလိဂ် အိမ်ကွင်း ပွဲ(၅၀)ပြည့်မြောက်

**မန်ချက်စတာ စက်တင်ဘာ ၁၅**

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် အသင်းကစားသမားဘ၀ ပရီးမီးယားလိဂ် အိမ်ကွင်း ပွဲ(၅၀)ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက အိမ်ကွင်းတွင် မန်ယူအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူးဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ လေးပွဲကစားပြီး ငါးဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်နိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ဒီအသင်းနဲ့အတူ ယခုလိုမှတ်တမ်းတွေအပြင် သွင်းဂိုးတွေသွင်းယူပြီး ဆုဖလားများစွာလည်း ရယူသွားမှာပါ။ ဒီအသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## 2025 SP Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Rajaonah ဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၁၅**

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 SP Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်မယ် Rajaonah က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Rajaonah သည် 2025 SP Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အင်ဒိုနီးရှား တင်းနစ်မယ် Janice Tjen အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၁၉)နှစ်အရွယ်ရှိ Rajaonah က "ကျွန်မ အခုလို 2025 SP Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာအသင်းက ဗလင်စီယာအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**

## နီကိုဝီလျံအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စိတ်ဝင်စား

**မြူးနစ် စက်တင်ဘာ ၁၅**

ဘိုင်ယန်မြူးနစ်အသင်းသည် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလျံအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။





အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘီလ်ဘာအိုအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၇၀ ကစားပြီး ၃၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဘီလ်ဘာအိုအသင်းကလည်း နီကိုဝီလျံအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘီလ်ဘာအိုအသင်းထံမှ နီကိုဝီလျံအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## နည်းပြ အူနိုင်းအမ်မရီ အက်စတွန်ဗီလာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိသည်ဟု သတင်းများ ထွက်ပေါ်

**လန်ဒန် စက်တင်ဘာ ၁၅**

အက်စတွန်ဗီလာအသင်းသည် အသင်းနည်းပြ အူနိုင်းအမ်မရီအား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲကစားပြီးချိန်တွင် တစ်ပွဲမှ နိုင်ပွဲရယူထားနိုင်ခြင်းမရှိသောကြောင့် နည်းပြအူနိုင်းအမ်မရီအား ရာထူးမှ ထုတ်ပယ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အူနိုင်းအမ်မရီသည် အက်စတွန်ဗီလာအသင်းအား ၂၀၂၂ခုနှစ်၊ နိုဝင်ဘာ ၁ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၄၄ ပွဲတွင် ၇၆ပွဲနိုင်၊ ၂၇ပွဲသရေ၊ ၄၁ ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် အူနိုင်းအမ်မရီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အက်စတွန်ဗီလာအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## အန်တိုနီမာရှယ် မွန်တာရေးအသင်းတွင် ကျောနံပါတ်(၂၆)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် စက်တင်ဘာ ၁၅**

တိုက်စစ်မှူးသစ် အန်တိုနီမာရှယ်သည် မက္ကဆီကိုကလပ် မွန်တာရေးအသင်းတွင် ကျောနံပါတ် (၂၆) ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် AEK အေသင်အသင်းနှင့် လမ်းခွဲပြီးနောက် မွန်တာရေးအသင်းသို့ နှစ်နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး အန်တိုနီမာရှယ်သည် ကစားသမားဘဝတစ်လျှောက်တွင် မန်ယူ၊ ဆီဗီလာ၊ မိုနာကို၊ လိုင်ယွန်၊ AEK အေသင် စသည့်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မွန်တာရေးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။





ထို့ကြောင့် တိုက်စစ်မှူး အန်တိုနီမာရှယ်အနေဖြင့် မွန်တာရေးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ပရီးမီးယားလိဂ် ရာသီအစ လေးပွဲဆက်တိုက် အနိုင်ရရှိခဲ့သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် လီဗာပူးအသင်း ပိုင်ဆိုင်

**လန်ဒန် စက်တင်ဘာ ၁၅**

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ရာသီအစ လေးပွဲဆက်တိုက် နိုင်ပွဲရရှိသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ရာသီအစမှာပင် ဘုန်းမောက်၊ နယူးကာဆယ်၊ အာဆင်နယ်၊ ဘန်လေ စသည့် လေးသင်းစလုံးကို အနိုင်ရရှိကာ ယခုလို မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားလျက်ရှိသည်။ **(အောက်ပုံ)**

လီဗာပူးအသင်းနည်းပြ အာနီဆလော့က "ကျွန်တော်တို့ အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ နောက်လာမယ့်ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲတွေ ဆက်လက်ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**



## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေး လိဂ်အဆင့်) ပွဲစဉ်ဇယား

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၆-၉-၂၀၂၅ အင်္ဂါနေ့ | ည ၁၁:၁၅ နာရီ | ဘီလ်ဘာအို (စပိန်-၃) - အာဆင်နယ် (အင်္ဂလန်-၂) | အာဆင်နယ် ၃-၀ ဘီလ်ဘာအို (၉-၈-၂၀၂၅ အမ်မရိတ်ဖလားလုပွဲ) |
| " | " | PSV (နယ်သာလန်-၂) - ဗျူနီယန်ဆိန့်ဂီလွိုင်ဇ် (ဘယ်လ်ဂျီယံ-၁) | PSV ၁-၀ ဗျူနီယန်ဆိန့်ဂီလွိုင်ဇ် (၅-၇-၂၀၂၅ ခြေစမ်းပွဲ) |
| ၁၇-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁:၃၀ နာရီ | ဘင်ဖီကာ (ပေါ်တူဂီ-၄) - ကာရာဘတ် (အဇာဘိုင်ဂျန်-၇) | —— |
| " | " | ဂျူဗင်တပ် (အီတလီ-၂) - ဒေါ့မွန် (ဂျာမနီ-၂) | ဂျူဗင်တပ် ၂-၁ ဒေါ့မွန်; ဒေါ့မွန် ၀-၃ ဂျူဗင်တပ် [illegible] |
| " | " | ရီးရဲလ်မက်ဒရစ် (စပိန်-၁) - မာဆေး (ပြင်သစ်-၇) | ရီးရဲလ်မက်ဒရစ် ၃-၀ မာဆေး; မာဆေး ၁-၃ ရီးရဲလ်မက်ဒရစ် [illegible] |
| " | " | စပါး (အင်္ဂလန်-၃) - ဗီလာရီးရဲလ် (စပိန်-၅) | စပါး ၁-၄ ဗီလာရီးရဲလ် (၃၀-၇-၂၀၁၀ ခြေစမ်းပွဲ) |

## အင်္ဂလိပ် ကာရာဘောင်း လိဂ်ဖလားဘောလုံးပြိုင်ပွဲ (၃၂-သင်းအဆင့်)ပွဲစဉ်

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၇-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁:၁၅ နာရီ | ရှက်ဖီးလ်Wed (ချန်ပီယံ-၂၃) - ဂရင်းစဘီ (လိဂ် II -၅) | ဂရင်းစဘီ ၁-၅ ရှက်ဖီးလ်Wed (၂၀-၈-၂၀၂၄ လိဂ်ဖလားပွဲ) |
| " | နံနက် ၀၁:၃၀ နာရီ | ဘရန့်ဖို့ဒ် (ပရီးမီးယား-၁၂) - ဖူလ်ဟမ် (ပရီးမီးယား-၁၉) | ဘရန့်ဖို့ဒ် ၁-၀ ဖူလ်ဟမ် (၂၃-၈-၂၀၂၅ ပရီးမီးယား) |
| " | " | ပဲလေ့စ် (ပရီးမီးယား-၉) - မီလ်ဝေါလ် (ချန်ပီယံရှစ်-၁၃) | ပဲလေ့စ် ၁-၀ မီလ်ဝေါလ် (၁၂-၇-၂၀၂၅ ခြေစမ်းပွဲ) |

# အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ရွှေကြက်ကျာဘုရား လှေဦးတိုက်ပွဲတော်နှင့် လှေလှော်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



**အမရပူရ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ဧရာဝတီမြစ်ကမ်းပါးတွင် တည်ထားကိုးကွယ်တော်မူသော ရွှေကြက်ကျာဘုရား၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော လှေဦးတိုက်ပွဲတော်ဖွင့်ပွဲနှင့် လှေလှော်ပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက် ၉ နာရီခွဲက အဆိုပါဘုရားရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမရပူရမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ရွှေကြက်ယက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဌေးလွင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ လှေဦးတိုက်ပွဲတော်နှင့် လှေလှော်ပြိုင်ပွဲကို အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်၊ ဘုရားဂေါပကဥက္ကဋ္ဌဦးမင်းဆွေနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ၊ အမရပူရမြို့ပြစီမံကိန်းတာဝန်ခံ ဦးဇော်ရဲဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ဝဲပုံ)**

လှေဦးတိုက်ပွဲတော်နှင့် လှေလှော်ပြိုင်ပွဲတွင် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၄ ရွာမှ လှေလှော်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပွဲတော်ကို နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။ **(ဝစ၄)**



# ခရီးသွားလုပ်ငန်း ယခင်နှစ်ထက် ပိုမိုတိုးတက်လာသည်နှင့်အမျှ သဘာဝအခြေခံများ မပျက်စီးအောင် ထိန်းသိမ်းသင့်

ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ တွင် ယခင်နှစ်ထက် ပိုမိုတိုးတက်လာသည်နှင့်အမျှ သဘာဝအခြေခံများ မပျက်စီးအောင် ထိန်းသိမ်းသင့်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဖုန်)ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏဇင်က ပြောသည်။

"အေးချမ်းပြီး လည်ပတ်လို့ကောင်းတဲ့ ခရီးစဉ်ဒေသတွေ အများကြီးရှိတယ်ဆိုတာ ကမ္ဘာကိုပြသနိုင်ဖို့လိုတယ်။ အဲလို ပြသနိုင်ရင် ခရီးသွားလုပ်ငန်းက အမြန်တိုးတက်လာမယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းကလည်း အစီအမံများ ရေးဆွဲထားပါတယ်။တိုးတက်လာတာနဲ့အမျှ သဘာဝအခြေခံတွေ မပျက်စီးအောင် လည်ပတ်ကြတဲ့ ခရီးသွားတွေ စည်းကမ်းရှိဖို့ လိုပါတယ်"ဟု ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်မှုဒဏ်ခံရပြီးနောက်ပိုင်း ကမ္ဘာနှင့်အဝန်း ခရီးသွားလုပ်ငန်းများ ထိခိုက်ခဲ့ပြီး ခရီးသွားလုပ်ငန်း သဘာဝအရ ဖွံ့ဖြိုးတိုးတက်မှု လျှင်မြန်သကဲ့သို့ ကျဆင်းပါကလည်း အခြားစီးပွားရေးလုပ်ငန်းများထက် လျှင်မြန်ကြောင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးကူညီမှု လိုအပ်ကြောင်း သိရသည်။

"ခရီးသွားများလာတာနဲ့ သဘာဝအခြေခံတွေ မပျက်စီးအောင် ထိန်းသိမ်းဖို့ လိုတယ်။ ခရီးသွားများတာနဲ့အမျှ သဘာဝအခြေခံအလှတွေ ပျက်စီးကုန်တာများတယ်။ ပလတ်စတစ်တွေ စွန့်ပစ်တယ်။ စီးကရက်တိုတွေ စွန့်ပစ်တယ်။ အထူးသဖြင့် ရေသန့်ဘူးတွေ၊ အချိုရည်ဘူးတွေ ပုလင်းခွံတွေ စွန့်ပစ်တတ်ကြတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အပေါ်ပုံ)**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် မန္တလေးဇုန်အပါအဝင် ပြည်တွင်းခရီးစဉ်ဒေသများသို့ အပြန်အလှန်လည်ပတ်သည့် ခရီးစဉ်များ ဆောင်ရွက်ရန် တက်ဟုန်ပြည်နယ်ခွဲ၊ ကုန်သည်ကြီးများအသင်း(မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး)နှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

# မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက် ရပ်ကွက်အကွက်(၅၅၀)၊ ၈၅လမ်း ၃၄လမ်းနှင့်၃၅လမ်းကြားရှိ နီလာမဟာဓမ္မဗိမာန်တော်အတွင်း၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပရာ မဟာအောင်မြေခရိုင် ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ယဉ်မြတ်မွန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင် ဦးနန္ဒ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်ခင်စောယုမော်နှင့် ရာအိမ်မှူးများ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးနန္ဒက မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မဲပေးစက်၏ လုပ်ဆောင်ချက်များအား ပြောကြားခဲ့ခြင်းများ ပြုလုပ်ခဲ့ပြီး တက်ရောက်လာသော ပြည်သူများမှ လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(ဝ၄၁)**

# မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံကြီးသို့ ဆေးဝါးထုတ်လုပ်မှုကွင်းဆင်းလေ့လာ

**မန္တလေး စက်တင်ဘာ ၁၅**

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ သိန်းဇော်လင်းဦးဆောင်ပြီး ဒုတိယပါမောက္ခချုပ်များ ဆေးဝါးဗေဒဌာနမှူး မော်ကွန်းထိန်း သုတေသနမှူးတို့နှင့်အတူ တိုင်းရင်းဆေးတက္ကသိုလ် တတိယနှစ် ကျောင်းသား၊ ကျောင်းသူများ၊ ပထမနှစ် သင်တန်းကျောင်းသား၊ ကျောင်းသူများ၊ ပထမနှစ်မဟာသင်တန်းကျောင်းသား၊ ကျောင်းသူများသည် စက်တင်ဘာ ၁၃ ရက်က မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးစက်မှုဇုန်(၁) ကနောင်မင်းသားကြီးလမ်းနှင့် မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီးသို့ ဆေးဝါးထုတ်လုပ်မှုကွင်းဆင်းလေ့လာကြသည်။

ရှေးဦးစွာ စက်ရုံအကြံပေး ဆရာကြီး ဦးနေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စက်ရုံမှူး ဆရာကြီး ဦးဝင်းစိုးမှ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်မှ ကျေးဇူးတင်စကားပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ လေ့လာရေးခရီးစဉ်မှ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ စက်ရုံအတွင်း ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်အား အဖွဲ့များခွဲ၍ လေ့လာကြရာ စက်ရုံတာဝန်ရှိသူများက အသီးသီးလိုက်လံရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၇ဝ)**



# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**အောင်လံ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီက အောင်လံမြို့၊သာသနာ့ဗိမာန်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ထွေး ဦးဆောင်မှုဖြင့် အရာရှိ ၁၂ ဦး၊ တပ်ဖွဲ့ဝင် ၅၈ဦးတို့က ဘုန်းကြီးကျောင်းအတွင်း၊ အပြင်များတွင် သန့်ရှင်းသာယာလှပစေရေး ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များအား ဖယ်ရှားရှင်းလင်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



# မြန်မာအီလက်ထရောနစ် မဲပေးစက်အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးမှုသရုပ်ပြခြင်းများကို စက်တင်ဘာ ၁၂ရက် ညနေ ၃နာရီခွဲက ပြည်တော်သာရပ်ကွက်၊ ရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးနှင့် သရုပ်ပြပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က မိတ်ဆက်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် ရပ်မိရပ်ဖများနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ယင်းနောက် တက်ရောက်လာသည့် မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့ စမ်းသပ်ဆောင်ရွက်ကြပြီးနောက် မြို့နယ်ရွေးကောက်ပွဲ အရာရှိက Printer မှ ထွက်ရှိလာသည့် မဲစာရင်းဖြင့် ဆန္ဒပြုသူအရေအတွက်တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များစိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို ရှင်းလင်းပြသခဲ့သည်။ အဆိုပါ အသိပညာပေးနှင့် စမ်းသပ်မဲပေးပွဲသို့ ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ဝင် ဦးနိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၄၅၆)




# တောင်ကြီးမြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားသို့မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်မှ ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီက ဖတ်ကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသည့် Video Clip တင်ဆက်ပြသသည်။

၎င်းနောက် ရှမ်းပြည်နယ်ကြက်ခြေနီအသင်းများ၏ ဘက်စုံစွမ်းဆောင်ရည်ဆု၊ အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစွမ်းဆောင်ရည်ဆု၊ သွေးလှူရှင်စုဆောင်းခြင်းနှင့် သွေးလှူဒါန်းခြင်းလုပ်ငန်း စွမ်းဆောင်ရည်ဆု၊ သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုစွမ်းဆောင်ရည်ဆု၊ ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီဂုဏ်ပြုဆုရရှိသူခြောက်ဦး၊ ရှေးဦးပြုစုခြင်းပညာပြန့်ပွားရေးစွမ်းဆောင်ရည်ဆု၊ လူမှုကရုဏာလုပ်ငန်းများအတွက် လှူဒါန်းသည့် အလှူရှင်များ၊ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးလုပ်ငန်းတွင် ပါဝင်ကူညီခဲ့ကြသည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များ၊ မှတ်တမ်းဓာတ်ပုံများ Video Clip တင်ဆက်ပြသသည်။

ဆက်လက်၍ ပြခန်းခင်းကျင်းပြသသည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေး စီမံကိန်း (Malaria Project)၊ အရေးပေါ်အခြေအနေတွင် ကျန်းမာရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိလာစေရန် တည်ဆောက်ခြင်းစီမံကိန်း (BHRiE Project)၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရေးစီမံကိန်း (APH Project)၊ ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၊ စီမံချက်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မှတ်တမ်းဓာတ်ပုံများ Video Clip တင်ဆက်ပြသပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပြခန်းများ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၉၀ ဈေးတက်

**နေပြည်တော် စက်တင်ဘာ ၁၅**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၅၂၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ညွှန်းဈေးသည် ငွေကျပ် ၆၆၁၀ ဖြစ်သဖြင့် တစ်ပိဿာရည်ညွှန်းဈေး ငွေကျပ် ၉၀ ဆက်လက်ဈေးမြင့်တက်လာသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)

# မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

ကျောင်းသားလူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်ပေါ်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်နှင့် မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉နာရီခွဲက မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းခန်းမတွင် ကျင်းပဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် အနာဂတ်လူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး၊ ထက်မြက်ပြည့်စုံသောလူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်စံပယ်က လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် စာပေအသိပညာဗဟုသုတတိုးပွားစေရေးအတွက် စာဖတ်သည့်အလေ့အကျင့်များ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ထို့နောက် စာရေးဆရာမ ဒေါ်ခင်စိမ်းဝင်း(မေဝတီ)က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ကိုကိုက ကျေးဇူးတင်စကားပြောကြားပြီး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် ပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပနိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၉၃)

ရေနုတ်မြောင်းသည် အမှိုက် စွန့်ပစ်ရန် နေရာမဟုတ်ပါ။

ကျန်းမာရေးကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့် ဆေး တွေ့၍ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။**



### တောကြက်ဟင်းခါး


တောကြက်ဟင်းခါးဟာ ခါး၏၊ စပ်ရှားရှားရှိ၏၊ အေး၏၊ စပ်၏၊ ကြေကျက်လွယ်၏၊ လေကိုဖြစ်စေ၏၊ ဝမ်းကို သက်စေ၏၊ သည်းခြေ သလိပ်ကို နိုင်၏၊ မျက်စိနာခြင်း၊ ယောနိတွင်ဖြစ်သောရောဂါများ၊ ပိုးရောဂါ၊ သွေးဖောက်ပြန်ခြင်း၊ သွေးအားနည်းခြင်း၊ ဆီးနှင့်ပတ်သက်သောရောဂါများ၊ ပန်းနာ၊ အနာပေါက်၊ လေပြွန်တံတွင် ပူသောရောဂါတို့ကို ပျောက်ကင်းစေ၏။

တောကြက်ဟင်းခါး၏ သတ္တုရည်ကို မြေဖြူမှုန့်နှင့်ရော၍လိမ်းပေးပါက ပါးစပ်ကွဲနာပျောက်ကင်းပါတယ်။

အပင်၏ပဥ္စငါးပါးကို သစ်ကြံပိုးခေါက်၊ ပိတ်ချင်း၊ ဆန်၊ ဗာဒံစေ့တို့နှင့်ရောပြီး လူးပေးပါက ယားနာများ ပျောက်ကင်းပါတယ်။ အသီးနုများရဲ့ သတ္တုရည်ကို မီးပေါ်မှာကင်ပြီး ထွက်လာတဲ့အရည်ကို လိမ်းပေးလျှင် အဆစ်ရောင်ရောဂါ ပျောက်ကင်းစေပါတယ်။

အသီးသတ္တုရည်ကို ဆီနှင့်ရော၍သောက်ပေးပါက ကာလဝမ်းရောဂါပျောက်ကင်းပါတယ်။

အသီးခြောက်ကို သွေးပြီးလိမ်းပေးပါက လည်ချောင်းရောင်ရောဂါပျောက်ကင်းစေပါတယ်။



### ရွှေနွယ်ရီး(ခ)ရွှေနွယ်

ရွှေနွယ်ရီး(ခ)ရွှေနွယ်ပင်များဟာ ဆီးပင် ထိပ်ဖျားမှာ နွယ်တက်၍ အုံလိုက်ကျင်းလိုက်ပေါက်တတ်သော အပင်မျိုးဖြစ်သည်။ ရွှေနွယ်ရီးပင်သည် ချို၏၊ သည်းခြေနဲ့ပတ်သက်သော ရောဂါများကို နိုင်၏။

ရွှေနွယ်ရီးကို ပြုတ်၍သောက်ပေးခြင်း၊ ဝမ်းဗိုက်ကို လိမ်းပေးခြင်းဖြင့် အသည်း မာကြောကြမ်းတမ်းခြင်းနဲ့ အသည်းရောဂါများကို ပျောက်ကင်းစေပါတယ်။ ရွှေနွယ်ရီး ငါးကျပ်သား၊ တွင်းနက်ကတိုးမြစ် ငါးကျပ်သား၊ ရေ ၆၀ သားကို တစ်ဝက်ခန်းအောင်ကျိုပြီး ပျားရည်နှင့် သင့်ရုံစပ်၍ ကြွေဇွန်း သုံးဇွန်း တစ်နေ့သုံးကြိမ်သောက်ပေးပါက သွေးဖောက်ပြန်သောရောဂါပျောက်ကင်းစေပါတယ်။

ရွှေနွယ်ရီးကို ရေနှင့်ကြာကြာကျိုပြီး ဝမ်းဗိုက်ကိုလိမ်းပေးပါက ဝမ်းရောင်၊ ဝမ်းကြောတင်းခြင်းရောဂါများ ပျောက်ကင်းပါတယ်။ ရွှေနွယ်ရီးအမှုန့်နဲ့ ချင်းခြောက်မှုန့်တို့ကို ဆတူရောပြီး ထောပတ်နဲ့ဖျော်၍ အနာဟောင်းများကို လိမ်းပေးပါက အသားနုတက်၍ အနာအကျက်မြန်ပါတယ်။ ရွှေနွယ်ရီးကို ညက်အောင်ထောင်းပြီး ရေနဲ့ မပျစ်မကျဲဖျော်လိမ်းပေးပါက ယားနာမျိုးစုံကို ပျောက်ကင်းစေပါတယ်။

ရွှေနွယ်ရီးကို ပြုတ်၍ ရေချိုးပေးခြင်း၊ လူးပေးခြင်းဖြင့် အရေပြားရောဂါအမျိုးမျိုးကိုသက်သာပျောက်ကင်းစေပါတယ်။ ရွှေနွယ်ရီးပြုတ်ရည်ကို ရေအစား သောက်ပေးပါက ရေငတ်ရောဂါပျောက်ကင်းပါတယ်။ ရွှေနွယ်ရီးကို ကျိုပြီး သောက်ပေးပါက သွေးသားကို စင်ကြယ်စေပါတယ်။ ရွှေနွယ်ရီးကို ကျိုထားတဲ့ အရည်ကို လိမ်းပြီး အဝတ်နဲ့ပတ်ထားပေးပါက ဝမ်းဗိုက်တင်းကျပ်ခြင်းနဲ့ ဗိုက်နာခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

ရွှေနွယ်ရီးအမှုန့်ကို နှမ်းဆီစစ်စစ်နဲ့ရောပြီး ဆံပင်ကို လိမ်းပေးပါက ဆံပင်ပြတ်ခြင်း၊ ဆံပင်ကျွတ်ခြင်းကင်းဝေးပြီး ဆံပင်ကို နက်မှောင်သန်စွမ်းစေပါတယ်။

ရွှေနွယ်ရီးကို လည်ပင်းနဲ့ ညာလက်တွင် စည်းပေးခြင်းဖြင့် ကလေးများ တက်ခြင်း၊အကြောဆွဲခြင်း၊ စောင်းရွဲ့ခြင်းနဲ့ သူငယ်နာ ကင်းစေပါတယ်။ ရွှေနွယ်ရီးကိုပြုတ်၍ ချွေးထုတ်ပေးလျှင် ရေဖျဉ်းရောဂါပျောက်ကင်းစေပါတယ်။



### ဖန်ခါးသီး

ဖန်ခါးသီးကို ပုံမှန်စားသုံးပေးလျှင် အစာခြေမှုကို မြင့်တင်ပေးခြင်း၊ အူနှင့်ဆိုင်သောရောဂါများမဖြစ်အောင် ကာကွယ်ပေးခြင်းနဲ့ အစာ၏ အာဟာရစုပ်ယူမှုကို တိုးမြှင့်ပေးနိုင်ပါတယ်။ သွေးတွင်းအဆီဓာတ်ကို ကျစေနိုင်ခြင်း၊ အစာအိမ်ရောင်တဲ့အခါမှာဖြစ်တဲ့ အစာမကြေမှုနဲ့ ရင်ခေါင်းပူလောင်မှုကို သက်သာစေနိုင်ပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်တာကို သက်သာစေနိုင်ပြီး ဝမ်းမှန်စေပါတယ်။

ဖန်ခါးသီးထဲတွင် အန်တီအောက်ဆီးဒင့်ဓာတ်များ ကြွယ်ဝစွာ ပါဝင်ပါတယ်။ Ellagic Acid, Gallic Acid, Chebulic Acid, Flavonol Glycosides, Selenium နဲ့ ဗီတာမင်စီတို့ ပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ရောဂါဖြစ်ပွားမှုနဲ့ ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ပါတယ်။ ဗိုင်းရပ်စ်ပိုးများကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

ဖန်ခါးသီးစားပေးခြင်းဖြင့် အစာအိမ်အချဉ်ပေါက်မှုကို လျော့နည်းစေခြင်း၊ အနာဖြစ်မှုကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကို ကာကွယ်ပေးနိုင်သော အကျိုးအချို့များကို ထုတ်လုပ်ပေးနိုင်ခြင်းကြောင့် အစာအိမ်ရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

သွေးတွင်း Glucose Levels မြင့်တင်ပေးခြင်းနဲ့ သကြားဓာတ်သွေးထဲစီးဆင်းမှုကို ထိန်းညှိပေးနိုင်ပါတယ်။ ဖန်ခါးသီးမှာ Chebulic ပါဝင်ခြင်းကြောင့် သွေးတွင်းသကြားဓာတ်ပါဝင်မှုကို လျော့နည်းစေပါတယ်။

ဖန်ခါးသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် အဝလွန်သူများအတွက် ဝိတ်ချရာမှာ လွယ်ကူစေပါတယ်။ အမြင်အာရုံကို ကောင်းမွန်စေပါတယ်။ ဖန်ခါးသီးကို ထုထောင်း၍ တစ်ညရေစိမ်ပြီး ထိုရေကြည်ဖြင့် မျက်စိကို ဆေးပေးပါက မျက်စိနာကျင်ကိုက်ခဲခြင်းကို ပျောက်ကင်းစေပါတယ်။ ဖန်ခါးသီးရည်ဟာ အကိုက်အခဲ၊ ရောင်ရမ်းနာကျင်ခြင်းနဲ့ မျက်စိအမြွှေးရောင်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။

ဝက်ခြံအမြစ်မထွက်သော် ဖန်ခါးသီးအစေ့ကို ဆန်ဆေးရည်နှင့်သွေးလိမ်းပေးပါ။ အရေပြားရောဂါများလည်း သက်သာပျောက်ကင်းစေနိုင်ပါတယ်။ ဖန်ခါးသီးအခြောက်မှုန့်ကို ပျားရည်နဲ့ ရောသောက်ပါက အဆုတ်ရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။



### မြင်းခွာရွက်

မြင်းခွာရွက်ဟာ ခပ်ခါးခါး၊ ခပ်ရှုရှု၊ ချို၊ အေး၊ နူတ်မြိန်၊ အစာကြေ၊ ဝမ်းဗိုက်အောင့်၊ အိပ်ပျော်စားဝင်၊ ဓာတ်လေးပါးမှန်၊ အသိဉာဏ်တိုးပွား၊ ဆီးရှင်၊ အပူငြိမ်း၊ အအေးကိုပြယ်၊ ရေငတ်ပျောက်၊ သလိပ်ပယ်၊ အသက်ကိုရှည်စေသည်ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားပါတယ်။

မြင်းခွာရွက်နဲ့ ပိတ်ချင်းသီးတို့ကို ဆတူရော၍ထောင်းပြီး ရေနွေးနဲ့ သောက်ပေးပါက မောပန်းနွမ်းနယ်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ပိတ်ဖြူပိတ်နီ၊ ကာလဝမ်းကျခြင်းနဲ့ အမျိုးသမီးများ ရာသီမမှန်ဖြစ်ခြင်းရောဂါများ ပျောက်ကင်းပါတယ်။

မြင်းခွာရွက်မှုန့် ၁၀ ကျပ်သား၊ ငရုတ်ကောင်းမှုန့် နှစ်ကျပ်သား၊ ပျားရည် ၁၂ ကျပ်သားတို့ကို အစေးပေါက်အောင်နယ်ပြီး နေလှန်း၍ ဆီးကင်းလောက်လုံးကာ ဖန်ပုလင်းထဲထည့်ထားပါ။ နံနက်၊ နေ့လယ်၊ ည တစ်လုံးစီ တစ်လ၊ နှစ်လစားပေးပါက ခေါင်းကိုက်၊ အဖျားအမျိုးမျိုး၊ ကြို့ထိုး၊ သွေးရောဂါအမျိုးမျိုး၊ သည်းခြေပျက်၊ အဖျင်းကြီး၊ အဆုတ်ပြွန်ရောင်၊ ပန်းနာ၊ ရင်ကျပ်၊ အရေပြားရောဂါအမျိုးမျိုး၊ ကျောက်၊ ဝက်သက်၊ ယားနာ၊ အဖုအပိမ့်၊ နူနာ၊ ခရုသင်း၊ အနာပေါက်၊ အနာမီးလျှံ၊ ခြေသေ၊ လက်သေ၊ ခြေလက်အကြောပြတ်တဲ့ရောဂါများကို ပျောက်ကင်းစေပါတယ်။

မြင်းခွာရွက်ရည်နဲ့ ချင်းရည်ကို ဖျော်သောက်ပါက မျက်စိနာပျောက်ကင်းစေပါတယ်။

ဝက်ခြံများကို မြင်းခွာရွက်သတ္တုရည်လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

မြွေကိုက်ခံရပါက မြင်းခွာရွက်သတ္တုရည်ကို သောက်ပြီး မြွေကိုက်ဒဏ်ရာကို လိမ်းပေးပါက သက်သာစေပါတယ်။

မြင်းခွာရွက်ကို အရည်ညှစ်၍ နနွင်းမှုန့်နဲ့ ရောပြီး အုံထားပေးပါက အနာများ ပျောက်ကင်းစေပါတယ်။

ကိန္နရာအနာဖြစ်ပါက မြင်းခွာရွက်ကို ချင်း စိမ်း၊ နှမ်းဆီတို့နဲ့ကြိတ်ပြီး အနာပေါ်အုံပေးပါ။

မြင်းခွာရွက်ကို ဆီးဖြူခေါက်နဲ့ရောပြီး ဆားအနည်းငယ်ထည့်ကာ သုံးခွက်တစ်ခွက်တင်ကျိုသောက်ပါက ဒူလာ၊ ညောင်းညာ၊ ကိုက်ခဲခြင်းရောဂါများ ပျောက်ကင်းစေပါတယ်။

မြင်းခွာရွက်ကို ကင်ပွန်းရွက်နဲ့ ပြုတ်ပြီး ရေချိုးပေးပါက မျက်စိနာပျောက်ကင်းပါတယ်။

ဆွံ့အ၊ စကားထစ်၊ ဆီးဝမ်းချုပ်ပါက မြင်းခွာရွက်ကို နေ့တိုင်းစားပေးပါ။

မြင်းခွာရွက်သတ္တုရည်တစ်ကျပ်ခွဲသား၊ ရေနံ့ဆီ တစ်ကျပ်ခွဲသားတို့ကို ဖန်ဘူးထဲထည့်စိမ်ပြီး လိမ်းပေးပါက အဆစ်အမြစ်၊ အရိုးအဆစ်ကိုက်ခဲခြင်းနဲ့ အကျိတ်များ ပျောက်ကင်းစေပါတယ်။

မြင်းခွာရွက်သတ္တုရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းတိုက်ပေးပါက ကလေးများ အအေးမိ၊ ဝမ်းသက်၊ သလိပ်ကျ၊ အဆုတ်အအေးပတ်ရောဂါများ ပျောက်ကင်းစေပါတယ်။

ဝက်ရူးပြန်ပါက မြင်းခွာရွက်နဲ့ ဂဠုန်တောင်ရွက်ကို ရောစပ်ပြီး စားပေးပါ။



### ရှဉ့်မတက်

ရှဉ့်မတက်သည် ချိုဆိမ့်၏၊ ခါး၏၊ ခွန်အားကို တိုးစေ၏၊ ဝမ်းမီးကို တောက်စေ၏၊ သုက်၊ နို့ရည်ကို ပွားစေ၏၊ နှလုံးရောဂါ၊ ဝမ်းသက်၊ သွေးအန်၊ သွေးကျ၊ အဆုတ်နာတို့ကို ပျောက်စေ၏၊ လေ၊ သလိပ်၊ သည်းခြေတို့ကို နိုင်၏၊ သွေးလုံး၊ လေလုံးရောဂါ၊ ဖောရောင်ခြင်း၊ မျက်စိရောဂါ၊ အဖျားရောဂါတို့ကို နိုင်၏၊ အသက်ကို ရှည်စေ၏။

ရှဉ့်မတက်ဥကို ချက်ပြုတ်စားသောက်ခြင်း၊ နွားနို့နှင့် နို့ထမင်းကဲ့သို့ စားသုံးပေးပါက ခွန်အားကို တိုးစေပါတယ်။

ရှဉ့်မတက်ဥ၊ မုရားကြီးရွက်၊ သကြားခဲတို့ကို ဆတူရော၍သောက်ပါက ချောင်းခြောက်ရောဂါ ပျောက်ကင်းစေပါတယ်။

ရှဉ့်မတက်ဥကိုကျို၍ သကြားခဲ၊ ပျားရည်တို့နှင့် သောက်ပေးပါက ဆီးပူနှင့် ဆီးအောင့်ခြင်းတို့ ပျောက်ကင်းစေပါတယ်။

ရှဉ့်မတက်ဥအရည်ကို ပျားရည်၊ နွားနို့တို့နဲ့ရော၍ နံနက်အချိန်တွင် သောက်ပေးပါက အပူကြီးနဲ့ သည်းခြေရောဂါ ပျောက်ကင်းစေပါတယ်။

ရှဉ့်မတက်ဥကြိတ်ရည်ကို နွားနို့နဲ့ရောသောက်ပါက ကျောက်တည်ရောဂါပျောက်ကင်းပါတယ်။

ရှဉ့်မတက်ဥ ကြိတ်ရည်ကို ပျားရည်နဲ့ရောသောက်ပေးပါက မီးယပ်ရောဂါပျောက်ကင်းစေပါတယ်။

ရှဉ့်မတက်ဥအမှုန့်ကို နွားနို့နဲ့ရောသောက်ပါက သားသည်မိခင်များ နို့ထွက်ကောင်းစေပါတယ်။

ရှဉ့်မတက်ဥအရည်ကို နွားနို့နဲ့သောက်ပါက အဆိပ်သင့်ခြင်းအမျိုးမျိုးကို ပျောက်ကင်းစေပါတယ်။

ရှဉ့်မတက်ဥကို အခြောက်လှန်း၍ အမှုန့်ပြုလုပ်ပြီး ပျားရည်၊ ငရုတ်ကောင်းအနည်းငယ်ရော၍ သောက်ပေးပါက ခွန်အားတိုးစေပါတယ်။

ရှဉ့်မတက်ဥကို အခြားသောဆေးဖက်များနဲ့ ရောစပ်၍ သွေးအန်၊ သွေးဝမ်း၊ ခေါင်းကိုက်၊ အသံပျက်၊ အသံဝင်၊ ဝက်ရူးပြန်၊ ပန်းနာရောဂါ ပျောက်ဆေးများအဖြစ် သုံးစွဲကြပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

# ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်စကားဝိုင်းကျင်းပ

**ရပ်စောက် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နောင်ခမ်း၌ ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုအောင်က ကျောင်းသား၊ ကျောင်းသူများအား စကားပြောစွမ်းရည်မြင့်မားလာစေရန်၊ လူအများရှေ့၌ ရဲရင့်စွာပြောဆိုဆွေးနွေးတတ်စေရန်၊တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးခြင်း အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် Grade-10 မှ မောင်ဟိန်းဝေယံလင်း၊ မောင်ကျော်ဇင်ငြိမ်းဝင်း၊ မောင်နေဆန်း၊ မနှင်းသဇင်ဦး၊ မလဲ့လဲ့ခိုင်တို့က လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-11 မှ မောင်ကောင်းခန့်ဇော်၊ မောင်ချစ်ပွား၊ မစုရတနာလင်း၊ မဝင်းသူအေး၊ မသဇင်ဦးတို့က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများ အပြန်အလှန် မေးမြန်းခဲ့ကြပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး၊ ဆေးလိပ်အန္တရာယ်အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## လူထုအခြေပြုဗဟိုဌာန၌ လူငယ်စာဖတ်ဝိုင်း ဆွေးနွေး

**ပုဗ္ဗသီရိ စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း (Youth Club)၊ ပညာရေးဌာနတို့နှင့် ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပ ဆောင်ရွက်ခဲ့သည်။

**(အပေါ်ပုံ)**

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက စာရေးဆရာ အောင်ကိုဦး(UMK) ရေးသားထားသော စိတ်ခွန်အားဖြည့်စာစုများဖြစ်သည့် ʻလူငယ်တွေကိုလမ်းဖွင့်ပေးပါʼဆိုသည့် ခေါင်းစဉ်ဖြင့် စတင်ဆွေးနွေးကာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ယင်းစာအုပ်မှ မိမိတို့ ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များကို ရွေးချယ်ဖတ်ကြားဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ စာအုပ်၊ စာစောင်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး National ICT Awards-2025 အထောက်အကူပြု တိုင်းအဆင့်(ဆင့်ပွား) ဆွေးနွေးပွဲ ဖွင့်လှစ်သင်ကြား

**မန္တလေး စက်တင်ဘာ ၁၅**

National ICTAwards-2025 (Educational Project & Skill Competition) ပြိုင်ပွဲအတွက် အထောက်အကူပြု သင်တန်း နည်းပညာမြင့်မားတိုးတက်စေရန်ရည်ရွယ်ကာ မန္တလေးတိုင်းပညာရေးမှူးရုံးမှ ကြီးမှူး၍ တိုင်းအဆင့်(ဆင့်ပွား) ဆွေးနွေးပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ဒုတိယညွှန်ကြားရေးမှူး ဦးမိုး(စီမံကိန်း၊စာရင်းအင်းကွန်ပျူတာ)မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင်မှ သင်ကြားမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကာ တိုင်းပညာရေးမှူးရုံး၊ဦးစီးအရာရှိ ဒေါ်စောဝါဝါနိုင်မှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

သင်ကြားရာတွင် Power-point၊WEB Page creation နှင့် Project များရေးဆွဲနည်းများကို နည်းပြဆရာ သုံးဦးတို့မှ သင်ကြားပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကာလမှာ စက်တင်ဘာ ၁၅ ရက်မှ ၁၉ရက်အထိ ငါးရက်သင်ကြားသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ သင်တန်းသား ဆရာ၊ဆရာမ ၇၁ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိသည်။**ချမ်းမြေ့မောင်**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ခဏလေးပါ

* မာနတံခွန်<br>
ထက်မိုးစွန်ရောက်<br>
အလွန်မောက်မာ<br>
မညှာတာဘဲ<br>
ထင်ရာကိုစိုင်း<br>
သင် မရိုင်းနဲ့<br>
ပုံနှိုင်းဆင့်ဆင့်<br>
မိုးနှင့် မြေသား<br>
နှစ်လွှာကြားမှာ<br>
သင်ကား သက်ရှူ<br>
ခဏလူဖြစ်<br>
မာန်ဂုဏ်ရစ်လည်း<br>
လူဖြစ်ရတာ<br>
ခဏလေးပါ ။ ။

**မြခြူးအိမ် ကိုလေး**




## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်(အကြို) စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အ.ထ.က (၃၀)ကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်(အကြို)အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေခရိုင်ပညာရေးမှူး ဒေါက်တာသက်လှစုက ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်(လေး)မြို့နယ်ရှိ တစ်မြို့နယ်စီမှ ကျောင်းသား၊ ကျောင်းသူငါးဦးစီ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အထက်တန်းအဆင့် ကျောင်းပေါင်း ၁၇ကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းပေါင်း ၁၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့က ʻနှလုံးသားဦးနှောက် ဖွံ့ဖြိုးဖို့ တို့တွေစာဖတ်စို့ʼ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ကျောင်းသူများကို စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မဟာအောင်မြေခရိုင်ပညာရေးမှူးနှင့် အ.ထ.က (၃၀)မှ ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇင်မင်းမောင်**

*-*-*-*-*





## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရဆွမ်းအလှူငွေလှူဒါန်းခြင်းကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃နာရီခွဲက ၄င်းကျောင်းတွင် ကျင်းပခဲ့သည်။

ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် ဩဂုတ်လအတွက် ငွေကျပ် သိန်း ၂၀ကို သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန(မန္တလေး)မှ (ဦးစီးအရာရှိ)ဒေါ်မင်းမင်းသက်က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုခမ္မမဏိဇောတရေ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၅၂)**

## သံဃာတော်များအား (၂၁၅)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် စက်တင်ဘာ ၁၄ ရက်က သံဃာတော်များအား (၂၁၅)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်း လှူဒါန်းခဲ့ကြသည်။

ဆွမ်းလောင်းလှူဒါန်းမှုတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃) တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များမှ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသော သံဃာတော်၊ သာမဏေအပါး ၁၀၀ ကျော်အား ဆွမ်းနှင့် ဆွမ်းဟင်းများအား လောင်းလှူဒါန်းကြကြောင်း သိရသည်။

**(ယာပုံ)**

**(၀၇၀)**



## သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများပေးအပ်

**မန္တလေး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကိုထောက်ပံ့ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က ဆေးကုသမှုခံယူနေသော ရောဂါဗေဒဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဒေါ်ခင်မာဆွေထံသို့ သွားရောက်၍ သက်ကြီးဆရာဝန်များ ထောက်ကူပြု SGED ကျန်းမာရေးထောက်ပံ့ငွေပေးအပ်ခဲ့ပြီး ကျန်းမာရေးအားပေးစကားများ ပြောကြားခဲ့သည်။



မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဆရာဝန်များအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အသက်(၇၀)နှစ်နှင့်အထက် ဆရာဝန်များကို မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ အခမဲ့အသင်းဝင်ရောက်နိုင်ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၅)**

## အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်



**တပ်ကုန်း စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများနှင့်ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဗိုလ်မင်းရောင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ KG ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ထိုသို့ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်ရာတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်၊ ဦးစီးအရာရှိ ဦးရီထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီနိုင်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဗိုလ်မင်းရောင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများက KG ကျောင်းသား၊ ကျောင်းသူပေါင်း ၅၀ ဦးတို့ကို အသားဓာတ်၊ အာဟာရဓာတ်ပြည့်ဝစေသော အစားအစာများ ကျောင်းတွင်းအာဟာရအဖြစ် ကျွေးမွေးခဲ့သည်။

တပ်ကုန်းမြို့နယ်တွင် အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ကြီးကြပ်၍ အခြေခံပညာကျောင်းပေါင်း ၁၆၅ ကျောင်းမှ ကျောင်းသား၊ ကျောင်း သူပေါင်း ၃၀၅၀ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် အသားဓာတ်၊ အာဟာရဓာတ်ပြည့်ဝစေသောအစားအစာများ ကျောင်းတွင်းအာဟာရအဖြစ် ကျွေးမွေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်မီးသတ်စခန်းများအား စစ်ဆေး တပ်ဖွဲ့ဝင်များအား တွေ့ဆုံထောက်ပံ့ငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းသည် စက်တင်ဘာ ၁၂ရက်က သာစည်မြို့နယ်နှင့် ရမည်းသင်းမြို့နယ် မီးသတ်စခန်းများသို့သွားရောက်ခဲ့ပြီး သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှာကြားချက်များ ရှင်းလင်းပြောကြားခြင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သောအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများနှင့် မီးသတ်ယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့် မြေပြင်ရေပြင်သုံး ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကြံ့ခိုင်မှုစစ်ဆေး၍ မြန်သုံးမြန်၊ မြဲသုံးမြဲ၊ သင့်လေးသင့်ဖြစ်စေရေး လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် မြို့နယ်များရှိ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသည် မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူးနှင့်အတူ မိတ္ထီလာမြို့နယ် မီးသတ်စခန်းရှိ နေအိမ်လိုင်းခန်းများအား လိုက်လံစစ်ဆေးပြီးငလျင်ဒဏ်ကြောင့် ထိခိုက်မှုများအားပြင်ဆင်ပြီးစီးမှုများကိုကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(၀၄၅)**

## အုတ်ဖိုလ်တိုက်ကျောင်းသို့ သောက်သုံးရေလှူဒါန်း

**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက သောက်သုံးရေလိုအပ်ချက်ရှိသည့် သရက်မြို့နယ်၊ အနောက်ရပ်တောင်ပိုင်းအုတ်ဖိုလ်တိုက်ကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နမ့်စန် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်ခရိုင်ရဲတပ်ဖွဲ့က ဦးစီး၍ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၈)တပ်မတော်စစ်ဆေးရုံ(၈/၁၀၀)၌ နမ့်စန်ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့



တို့မှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်စုစုပေါင်း ၈ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ပြီး အဆိုပါသွေးလှူဒါန်းနေမှုကို နမ့်စန်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ လုံခြုံရေးတပ်ခွဲမှူး ရဲမှူးသက်စိုးနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကာ အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

# လက်ဆွဲအိတ်အရွယ် ရေအားလျှပ်စစ်တာဘိုင်စက်

ရေအားလျှပ်စစ် စက်ဆိုသည်မှာ ရေစီးအားဖြင့် လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သောစက်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံများအနက် တရုတ်နိုင်ငံအလယ်ပိုင်းရှိ Three Gorges Dam ရေအားလျှပ်စစ်စက်ရုံသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံဖြစ်သည်။ လူတို့ သုံးစွဲလျက်ရှိသော အရာများတွင် ရေအားသည်သာလျှင် ရုတ်တရက်ကုန်ဆုံး၍ မသွားနိုင်ချေ။ လျှပ်စစ်ထုတ်ရန်အတွက် စက်ကိုလည်စေရာတွင် ကျောက်မီးသွေးကို သုံးသည်ဖြစ်စေ၊ ဓာတ်ဆီကို သုံးသည်ဖြစ်စေ လူသည် အစားပြန်၍ မထိုးနိုင်သောပစ္စည်းကို အသုံးပြုနေရခြင်းဖြစ်ပေသည်။အက်တမ်တစ်ခု၏ နျူကလိယတ်အတွင်းရှိ မြောက်မြားစွာသော စွမ်းအင်ကို အသုံးပြုရာ၌ပင် စွမ်းအင်ကိုဖြစ်စေသည့် အက်တမ်ကို ဖျက်ဆီးပစ်နေခြင်း ဖြစ်ပေသည်။ ရေအားကို အသုံးပြုသောအခါတွင်မူ သဘာဝအလျှောက် အစဉ်ပြန်လည်ပြည့်ဖြိုးမြဲဖြစ်ပေါ်နေခြင်းကို အသုံးပြုခြင်းသာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် နေ၏အပူကြောင့် ပင်လယ်သမုဒ္ဒရာနှင့် အခြားနေရာများရှိ ရေအချို့သည် လေထုအတွင်းသို့ ရေငွေ့အဖြစ်နှင့် ပျံတက်ကုန်ကြသည်။ ထို့နောက် ထိုရေငွေ့များက တိမ်များဖြစ်လာကြပြီးလျှင် တောင်များပေါ်တွင် မိုးအဖြစ်နှင့်ဖြစ်စေ၊ နှင်းအဖြစ်နှင့်ဖြစ်စေ ကျလာရာမှ တစ်ဖန် ပင်လယ်၊ သမုဒ္ဒရာနှင့် အခြားအင်းအိုင်များသို့ ပြန်၍ ရောက်ကြပြန်သည်။ နေရှိနေသရွေ့ ထိုနည်းဖြင့် ရေသည် သံသရာလည်လျက်ရှိနေလေသည်။

ရေ၏စွမ်းအားကို အသုံးပြုရာတွင် လူသားတို့သည် ကမ္ဘာ့ဆွဲအားကို အသုံးပြုလေသည်။ ထိုသို့အသုံးပြုရာတွင် ရေ၏အလေးချိန်နှင့် ရေမြင့်အားကို အသုံးပြုရပေသည်။ ရေမြင့်အားဆိုသည်မှာ ရေစ၍ စီးသည့်နေရာကို မတိုင်းတာရဘဲ ရေစ၍ စီးသည့်နေရာနှင့် အောက်တည့်တည့် မြေမျက်နှာပြင်ကိုသာ တိုင်းရသည်။ ကမ္ဘာ့ဆွဲအားကြောင့် ရေကုဗပေ တစ်ပေတိုင်းတွင် ရေအလေးချိန် ၆၂ ဒသမ၄ ပေါင် ဖြစ်ပေါ်လေသည်။ ထို့ကြောင့် ပေသုံးဆယ်၏ အောက်ခြေရှိ စတုရန်းတစ်ပေရှိသောနေရာတွင် ရေအလေးချိန်သည် ၃၀ ၆၂ ဒသမ ၄၀၁၈၇၂ ပေါင် ရှိလေသည်။ ထိုအလေးချိန်က စက်၏ဘီးကို ရိုက်ခတ်လိုက်သောအခါ ဘီးသည် လည်ပြီးလျှင် အသုံးဝင်သော စွမ်းအင်ကို ဖြစ်စေလေသည်။ စွမ်းအင်စ၍ ဖြစ်ပေါ်သောနေရာနှင့် ဘီးကိုကား ထိနေစေရပေသည်။ လူတို့သည် စီးနေသည့်ရေမှ စွမ်းအားကို ထုတ်ယူသုံးစွဲခဲ့ကြသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပေပြီ။ ရှေးအခါက အင်္ဂလန်နိုင်ငံရှိ ကျေးလက်များတွင် ရေဖြင့်လည်စေသည့် စက်များဖြင့် ကောက်ပဲသီးနှံများကို ကြိတ်ယူခဲ့ကြလေသည်။ ထိုသို့ သုံးစွဲကြရာတွင် ဘီး၏နှုတ်ခမ်း၌ ရေပုံးများကို ချိတ်ထားကြသည်။ ပုံးများထဲသို့ ဝင်လာသောအခါ ရေ၏အလေးချိန်ကြောင့် ဘီးလည်သွားသည်။ ပုံးထဲရှိရေသည် ဘီးလည်၍ အောက်ဘက်သို့ ရောက်သွားသောအခါ ထွက်သွားလေသည်။ အကြီးဆုံး ရေဘီးကို အိုင်းအော့မန်းကျွန်း၌ တည်ဆောက်ထားခဲ့ကြသည်။ ထိုဘီး၏ အချင်းမှာ ၇၂ ၁/၂ ပေ ရှိ၍ မြင်းကောင်ရေအား ၁၃၀ မှ ၁၅၀ ထိ ပေးနိုင်စွမ်း ရှိလေသည်။

ဒိုင်နမိုများကို ရေအားဖြင့် လည်စေပြီးလျှင် ရရှိလာသည့် လျှပ်စစ်ဓာတ်ကို အဖိုးနှုန်းချိုသာစွာနှင့် ထုတ်ယူနိုင်လိမ့်မည်ဟု များသောအားဖြင့် ထင်မှတ်တတ်ကြလေသည်။ လက်တွေ့ထုတ်လုပ်ရာတွင်မူ အလွန်စရိတ်ကြီးလေးသောကြောင့် ရေနွေးငွေ့ဖြင့် လည်စေသည့်စက်ကဲ့သို့ပင် စရိတ်ကုန်ကျသည်ကို တွေ့ကြရသည်။ တစ်ခါတစ်ရံတွင် ရေနွေးငွေ့ဖြင့် လည်စေသည့် စက်ထက်ပင် စရိတ်ပို၍ ကြီးလေးတတ်သေးသည်။ ရေအားဖြင့် လည်စေမည့် စက်များကို မတည်ဆောက်မီက တစ်နှစ်ပတ်လုံး ရေလုံလုံလောက်လောက်ရရှိမည်၊ မရရှိမည်ကို ရှေးဦးစွာ သိရှိရပေမည်။ စက်ကို ဆောက်လုပ်ပြီးမှ နွေရာသီတွင် စက်ကို ရပ်ထားရမည်ဆိုသော် အကျိုးရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် သာမန်အားဖြင့် အထူးကောင်းမွန်မည်ဟုထင်ရသော နေရာများပင် အမှန်အားဖြင့် မသင့်တော်သောနေရာများ ဖြစ်တတ်ပေသည်။

ရေ၏စွမ်းအားကို အသုံးပြုရာတွင် လူသားတို့သည် တဖြည်းဖြည်းပို၍ ကောင်းမွန်သည့်နည်းများကို



အသုံးပြုလာနိုင်လေသည်။ ရေလျှံသောအခါတွင် ရေများကို လျှံမကျစေရန် ဆည်ရိုးများဖြင့် သိုလှောင်ထားနိုင်ကြလေသည်။ ထို့ပြင် ဆည်ရိုးများဖြင့် ရေ၏ မျက်နှာပြင်ကိုလည်း မြင့်တက်စေနိုင်သည်။ ထိုနည်းဖြင့် ရေမြင့်အားကို ပို၍ ကြီးမားစေနိုင်ကြလေသည်။ ၁၈၀၀ ပြည့်နှစ်သို့ ရောက်သောအခါတွင် လူတို့သည် ရေ၏စွမ်းအားကို အသုံးပြုရာ၌ ထိရောက်သည့် စက်များကို အသုံးပြုလာနိုင်ကြပြီးလျှင် ၁၈၅၀ ပြည့်နှစ်သို့ ရောက်သောအခါ တွင်မူ တာဘိုင်ရဟတ်စက်များကို ထွင်လာနိုင်ကြသဖြင့် ရေအားဖြင့် လည်စေသည့် တာဘိုင်ရဟတ်စက်များကို တီထွင်ကာ လျှပ်စစ်ဓာတ်ကို ဖြစ်ပေါ်စေနိုင်ခဲ့လေသည်။ ရေလှောင်တမံသည် မြစ်၊ ချောင်းကို ပိတ်ပြီး လိုအပ်သော ရေအမြင့်ရနိုင်စေရန် ပြုလုပ်ထားသည်။ တမံအား မြေသား၊ ကျောက်ဖြည့်မြေသား၊ ကွန်ကရစ်တို့ဖြင့် ဆောက်လုပ်ကြသည်။ ရေများလာသောအခါ ရေထုတ်ပစ်ရန် ရေပိုလွှဲ၊ ရေတံခါးများ၊ နုံးများစုပုံလာပါက ထုတ်ပစ်ရန် နုံးထုတ်ပေါက်များ၊ ရေလွှဲဥမင်များ ပါဝင်သည်။

တမံရေဝင်ပေါက်မှဝင်လာသော ရေသည် ရေယူဥမင်နှင့်တစ်စပ်တည်းရှိသော သံမဏိပိုက်လိုင်းမှ တစ်ဆင့် ဓာတ်အားပေးစက်ရုံထဲရောက်လာပြီး တာဘိုင်ဟုခေါ်သည့် ဘီးများကို လည်ပတ်စေသည်။ တာဘိုင်များသည် ဓာတ်အားပေးစက်၏ ရိုတာနှင့် ဝင်ရိုးတစ်စပ်တည်း တပ်ဆင်ထားသည်။ တာဘိုင်များလည်သောအခါ ရိုတာလည်ပြီး စတေတာအခွေမှ ဓာတ်အားထွက်ရှိလာသည်။ ဓာတ်အားထွက်ရှိရန်အတွက် ရိုတာပေါ်ရှိ ဝါယာခွေများအား တိုက်ရိုက်လျှပ်စီး(ဒီစီ) ထည့်ပေးရသည်။ သံလိုက်စက်ကွင်းဖန်တီးရန်ဖြစ်သည်။ ယင်းကို (Excitation) ပြုလုပ်ခြင်းဟု ခေါ်သည်။ စက်ငယ်များတွင် အမြဲတမ်း သံလိုက်ကို အသုံးပြုသည်ဖြစ်ရာ သံလိုက်စက်ကွင်းဖန်တီးရန် မလိုပေ။ ဓာတ်အားပေးစက်ကြီးများတွင်သာ လိုအပ်သည်။ လျှပ်စစ်သဘောတရားအရ သံလိုက်စက်ကွင်းအတွင်းတွင် ဝါယာခွေတစ်ခု လှုပ်ရှားနေပါက အဆီဓာတ်အား(ပြန်လှန်လျှပ်စစ်) ထွက်ပေါ်သည်။ ဓာတ်အားပေးစက်တွင်လည်း သံလိုက်စက်ကွင်းအတွင်းတွင် ရိုတာဝါယာခွေ လည်နေသည်ဖြစ်ရာ စတေတာမှ ဓာတ်အားထွက်ပေါ်လာသည်။ ထွက်ပေါ်လာသော ဓာတ်အားကို အဝေးပို့နိုင်ရန်အတွက် လျှပ်တာ၊ ပြောင်း(Transformer) များဖြင့် ဗို့အားအမြင့်စားအဖြစ် ဖန်တီး၍ ဓာတ်အားသုံးစွဲမည့် မြို့များသို့ ပို့လွှတ်သည်။ (ဗို့အားနိမ့်ဖြင့် ပို့လွှတ်ပါက လေလွင့်မှုများလွန်းသည်။) ၄င်းမြို့များရောက်မှ ဓာတ်အားခွဲရုံများတွင် ဗို့အားနိမ့်ချပြီး အသုံးပြုကြသည်။ တာဘိုင်မှ ထွက်လာသောရေသည် ဆွဲပြွန်(Draft tube)မှတစ်ဆင့် စက်ထွက် (Tailrace)သို့ ရောက်သည်။ ထိုမှသည် မြစ်၊ ချောင်းထဲ ပြန်စီးဝင်သွားသည်။

ယခုအခါ ဂျာမနီနိုင်ငံသည် ဆည်တာတမံ မလိုဘဲ ရွာများကို လျှပ်စစ်မီးပေးနိုင်သည့် သယ်ဆောင်ရလွယ်ကူသော ရေအားလျှပ်စစ်ပုံးခေါ် တာဘိုင်စက်တစ်မျိုးကို တီထွင်လိုက်သည်။ ဂျာမန်အင်ဂျင်နီယာများက ဝေးလံခေါင်သီသော ဒေသများအတွက် ရေအားလျှပ်စစ်ဆိုင်ရာ တီထွင်မှုအသစ်တစ်ခုကို မိတ်ဆက်လိုက်သည်။ ၄င်းမှာ ဆည်များသို့မဟုတ် ကြီးမားသော အခြေခံအဆောက်အအုံများ မလိုအပ်ဘဲ စမ်းချောင်းများနှင့် မြစ်ငယ်များမှ လျှပ်စစ်ထုတ်လုပ်နိုင်သည့် လက်ဆွဲအိတ်အရွယ် တာဘိုင်စနစ်တစ်ခုဖြစ်သည်။ HydroCase ဟု လူသိများသော ဤတီထွင်မှုသည် လူနှစ်ဦးတည်းဖြင့် မိနစ် ၃၀ အောက်အတွင်း တပ်ဆင်အသုံးပြုနိုင်သောကြောင့် ယနေ့အထိ ဖန်တီးခဲ့သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ကိရိယာများထဲတွင် အလွယ်ကူဆုံးတစ်ခု ဖြစ်လာစေသည်။ HydroCase တွင် ခိုင်ခံ့သော ရေစိုခံအိတ်အတွင်း ထည့်သွင်းထားသည့် ခေါက်နိုင်သော မိုက်ခရိုတာဘိုင်တစ်ခု ပါဝင်သည်။ ရေစီးအတွင်း ထားရှိလိုက်သည်နှင့် ၄င်း၏ဓားများသည် လည်ပတ်ကာ ရွေ့လျားစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးသည်။ ဤကိရိယာသည် အိမ်ထောင်စု ၂၀ အထိ အလင်းရောင်ရရှိစေသည့် မီးလုံးများ၊ ရေခဲသေတ္တာနှင့် အခြားအသေးစားလျှပ်စစ်ပစ္စည်းများကို အသုံးပြုနိုင်လောက်အောင် လျှပ်စစ်ဓာတ်အား ပေးစွမ်းနိုင်သည်။ ပိုမိုကြီးမားသော လူ့အဖွဲ့အစည်းများအတွက် လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ရန် လက်ဆွဲအိတ်များစွာကိုလည်း ချိတ်ဆက်အသုံးပြုနိုင်သည်။

အစဉ်အလာ ရေအားလျှပ်စစ်သည် ကြီးမားသော ဆည်တာတမံများလိုအပ်ပြီး ယင်းဆည်များသည် လူနေအိမ်များ ဖယ်ရှားရခြင်း၊ သဘာဝဂေဟစနစ်များကို ထိခိုက်စေခြင်းနှင့် တည်ဆောက်ရန်အတွက် ကုန်ကျစရိတ်များစွာ သုံးစွဲရခြင်းစသည့် ပြဿနာများရှိသည်။ ဤတီထွင်မှုသည် ထိုပြဿနာအားလုံးကို ကျော်လွှားနိုင်ပြီး သဘာဝချောင်းရေစီးကြောင်းများကို ပြောင်းလဲခြင်းမပြုဘဲ လျှပ်စစ်ထုတ်ယူနိုင်ခြင်း ဖြစ်သည်။ စက်ရုံဆောက်လုပ်ရေးလုပ်ငန်းများ မလိုအပ်တော့သဖြင့် Hydro Case သည် လျှပ်စစ်မရရှိနိုင်သည့် ကျေးရွာများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများနှင့် ဒုက္ခသည်စခန်းများသို့ လွယ်လင့်တကူ သန့်ရှင်းသောစွမ်းအင်ကို သယ်ဆောင်ပေးနိုင်သည်။

ဒီဇိုင်နာများက စမတ်နည်းပညာများကိုပါ ထည့်သွင်းတည်ဆောက်ထားပြီး လက်ဆွဲအိတ်တစ်ခုစီတိုင်းတွင် လျှပ်စစ်ထုတ်လုပ်မှုပမာဏ၊ ရေစီးနှုန်းနှင့် ပြုပြင်ထိန်းသိမ်းမှုလိုအပ်ချက်များကို စောင့်ကြည့်နိုင်သည့် အာရုံခံကိရိယာများ တပ်ဆင်ထားသည်။ ကျေးရွာနေထိုင်သူများသည် မိုဘိုင်းအက်ပ်မှတစ်ဆင့် ဤအချက်အလက်များကို ကြည့်ရှုနိုင်သောကြောင့် စွမ်းအင်စီမံခန့်ခွဲမှုကို ပိုမိုလွယ်ကူစေသည်။ ဤစနစ်သည် အသံတိတ် လည်ပတ်နိုင်ပြီး ရေဝင်ပေါက်စစ်ခွက်မှ အမှိုက်များကို သန့်ရှင်းပေးခြင်းမှလွဲ၍ ပြုပြင်ထိန်းသိမ်းမှု အနည်းငယ်သာ လိုအပ်သည်။

ဤတီထွင်မှုကို အစဉ်အလာ လျှပ်စစ်ဓာတ်အားလိုင်းများ မရောက်ရှိနိုင်သောနေရာများ (သို့မဟုတ်)လျှပ်စစ်မီးအား ယုံကြည်စိတ်ချရမှု မရှိသော ဆာဟာရအောက်ပိုင်း အာဖရိကနှင့် အရှေ့တောင်အာရှတို့တွင် စမ်းသပ်အသုံးပြုပြီးဖြစ်သည်။ ရေနံဆီမီးခွက်များ(သို့မဟုတ်)ဒီဇယ်ဂျင်နရေတာများသာ တစ်ခုတည်းသော ရွေးချယ်စရာဖြစ်သည့် ဒေသများအတွက် Hydro Case သည် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ကာဗွန်ထုတ်လွှတ်မှုမရှိသည့် သန့်ရှင်းသောစွမ်းအင်ကို ပေးစွမ်းနိုင်မည်ဟု အဆိုပြုထားသည်။ ဂျာမနီသည် အဆိုပါစက်မျိုးများကို အများအပြားထုတ်လုပ်ရန် စီစဉ်ထားပြီး NGO အဖွဲ့အစည်းများနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့များကလည်း အမြောက်အမြား မှာယူထားပြီးဖြစ်သည်။ ဤတီထွင်မှုကိုသာ တစ်ကမ္ဘာလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးပါက ကမ္ဘာပေါ်ရှိ စွမ်းအင်အလွန်လိုအပ်နေသော ဒေသအချို့အတွက် စွမ်းအင်ရရှိရေးကို လွယ်ကူစွာဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ပေါ့ပါးပြီး သေးငယ်သော Hydro case လို ရေအားတာဘိုင်စက်ငယ်များကို လွယ်ကူပေါများစွာ ထုတ်လုပ်သုံးစွဲနိုင်ခြင်းဖြင့် ရေအားလျှပ်စစ် တစ်ခေတ်ဆန်းလာစေတော့မည်ဖြစ်ပြီး ဓာတ်အားစနစ်အား မှီခိုသုံးစွဲနေရမှုကို များစွာ လျော့ကျလာစေနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အရေးကြီးလိုအပ်မှုများအား အဆင်ပြေလွယ်ကူစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: Wikipedia and sufan salim page

**မောင်မောင်စွယ်စုံထွန်း**



## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၁၁၅၃ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၁၁၅၃ ဧက လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက၊ စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးသွားမည်ဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံရာသီ၌ ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူ စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းများ ကောင်းမွန်စေရေး၊ အစားအစာ ဘေးကင်းလုံခြုံသော အရည်အသွေးကောင်း ကြက်သွန်နီများ စိုက်ပျိုးထွက်ရှိရေး စိုက်ပျိုးရေးနည်းပညာဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲများ၊ စိုက်နည်းစနစ်မှန်ကန်ရေး သရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကာကွယ်နှိမ်နင်းရေး အသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စားဖိုဆောင်သီးနှံဖြစ်သည့် ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများအား ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြသည်။

(အပေါ်ဝဲပုံ) (၄၄၅)



## အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်မှ ဦးဆောင်ကာ ကျင်းပဆောင်ရွက်ခဲ့သည်။

စာစီစာကုံးပြိုင်ပွဲကျင်းပရာတွင် အထက်တန်းအဆင့်အနေဖြင့် "နှလုံးသား၊ ဦးနှောက်ဖွံ့ဖြိုးဖို့ ဒို့တွေစာဖတ်စို့" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး၊ အလယ်တန်းအဆင့်အတွက် "အသိဉာဏ်ပညာဖွံ့ဖြိုးဖို့ စာကြည့်တိုက်ကို သုံးကြစို့" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၆၆ ဦး စုစုပေါင်း ကျောင်းသား ၉၃ ဦး ဖြေဆိုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

၀-၀-၀-၀-၀



## တိုင်ထောင်ပဲတောင့်ရှည်များ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေ

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာတွင် စိုက်ပျိုးထားသော တိုင်ထောင်ပဲတောင့်ရှည်များ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ပဲတောင့်ရှည်သီးနှံသည် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပြီး သွင်းအားစုကုန်ကျစရိတ်သက်သာသည့် သီးနှံ တစ်မျိုးဖြစ်ကာ ရေကြိုက်နှစ်သက်သည့်အတွက် အစိုဓာတ်မပြတ်ရေသွင်းပေးရကြောင်း၊ လိုအပ်သည့်အချိန်များတွင် အပင်အားဆေးနှင့် သဘာဝပိုးနှင်ဆေးများ ဖျန်းပေးရကြောင်း၊ ပဲတောင့်ရှည်သီးနှံသည် နေ့စဉ်ခြားခူးဆွတ်ရောင်းချရသည့် မီးဖိုချောင်သုံးကုန်စိမ်းသီးနှံဖြစ်ပြီး ရောင်းဈေးအနေဖြင့် အဝယ်ဒိုင်များတွင် ရောင်းချပါက တစ်ပိဿာ ငွေကျပ် ၁၅၀၀ နှင့် ရောင်းချရပြီး လက်လီရောင်းချပါ ငွေကျပ် ၂၀၀၀ ရောင်းချရသည့်အတွက် ပဲတောင့်ရှည်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ပဲတောင့်ရှည်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် မျှားနီတံဆိပ်ကို အဓိထားစိုက်ပျိုးကြပြီး မျိုး နှစ်ထုပ် စိုက်ပျိုးပါက စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်းနှင့် စိုက်ပျိုးပြီး နှစ်လအကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ အသီးလှိုင်ချိန်တွင် တစ်ကြိမ်ခူးဆွတ်ပါက ပိဿာချိန် ၃၀ ကျော် ခူးဆွတ်ရကြောင်း ပဲတောင့်ရှည်စိုက်ပျိုးသည့် ဦးမြင့်သိန်းကိုက ပြောပြသည်။

(အပေါ်ပုံ)

(၄၈၅)

## စက်သုံးဆီအရောင်းဆိုင်နှင့် ဂက်စ်ပစ္စည်းအရောင်းဆိုင်များအား Fire Safety Certificate ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး စက်တင်ဘာ ၁၅**

မကွေးခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် ဦးဆောင်၍ မီးသတ်ဦးစီးမှူးရုံးမှ အင်ဂျင်နီယာများ၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ရက်က အသစ်ဖွင့်လှစ်သည့် ဒွန်းစက်သုံးဆီအရောင်းဆိုင်နှင့် ဂက်စ်ပစ္စည်းအရောင်းဆိုင်များအား Fire Safety Certificate ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးရာတွင် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate ) ဆောင်ရွက်ပေးနိုင်ရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီ မှုရှိ၊ မရှိ၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ လောင်စာဆီနှင့် ဂက်စ်များအသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များ၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ ရေလှောင်ကန်ကြိုတင်ပြင်ဆင်ထားရှိရေး၊ မီးဘေးလုံခြုံရေးကိရိယာများ ကိုင်တွယ်အသုံးပြု တတ်စေရေး လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိသည်။

နောင်နောင် (မိသနိုးမြေ)



## သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ အခြေခံစံနှုန်းနှင့် သတ်မှတ်စည်းကမ်းချက်များ ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ကသာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့တွင် သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းများ အခြေခံစံနှုန်းနှင့် သတ်မှတ်စည်းကမ်းချက်များ ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀နာရီက ဆောင်ရွက်ခဲ့သည်။

ကသာမြို့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီအဖွဲ့ဝင်များက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတို့တွင် ကျောင်းပတ်ဝန်းကျင် စိမ်းလမ်းစိုပြည်စေရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်း လေးချက်ပါဝင်သည့် ကျောင်းအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းစဉ်များ၊ ကျောင်းသား၊ ကျောင်းသူများ ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများ၊ ရေနှင့်စွမ်းအင်ချွေတာသော အလေ့အကျင့်ကောင်းများ၊ စည်းကမ်းချက်များ၊ ကျောင်းမြေနေရာရရှိမှု အပေါ်မူတည်ပြီး အမျိုးအစားစုံလင်သော အပင်များဖြင့် စိမ်းလန်းစိုပြည်သော ကျောင်းပတ်ဝန်းကျင်နှင့် နှစ်ရှည်၊ နှစ်တိုသီးပင်စားပင်၊ ပရဆေးပင်၊ ပန်းပင်၊ ရာသီပေါ်သီးနှံပင်များ၊ စွန့်ပစ်အမှိုက်များအား အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်မှုအခြေအနေများ၊ ပတ်ဝန်းကျင် ဆိုင်ရာလုပ်ငန်းများကို ဒေသတွင်း ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကိုလည်း ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ကသာခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများက ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကျန်တန်း-တိုးချဲ့(၂)ရပ်၊ အကွက်အမှတ်(D)၊ ဦးပိုင်(၉၂)၏အရှေ့ဘက်ခြမ်း၊ ဧရိယာပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ကျန်တန်း-တိုးချဲ့(၂)ရပ်၊ ကွင်းအမှတ်(၆၀၀)၊ အကွက်(D)၊ ဦးပိုင်(၉၂)၏ အရှေ့ဘက်ခြမ်း၊ အရှေ့အနောက်ပေ(၃၀)၊ တောင်မြောက်ပေ(၄၀) အကျယ်အဝန်းရှိ မြေကွက်သည် မြေနေရာချထားရေးအဖွဲ့မှ ဒေါ်မြင့်မြင့်သန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။

ဒေါ်မြင့်မြင့်သန်းသည် ပထမအိမ်ထောင် ဦးစန်းတင်နှင့်အိမ်ထောင်ကျပြီး ဒေါ်ဝင်းဝင်းမော်၊ ဒေါ်အိအိမွန်၊ ဒေါ်ထားထားမွန်၊ ဒေါ်မြင့်မြင့်နွယ်၊ ဒေါ်အေးအေးသွယ်တို့အား မွေးဖွားခဲ့ပါကြောင်း၊ (ဦးစန်းတင်)ကွယ်လွန်ပြီးနောက် ဒုတိယအိမ်ထောင် ဦးအောင်ဆန်းနှင့်အိမ်ထောင်ကျပြီး ဒေါ်နွယ်နွယ်မော်ကို မွေးဖွားခဲ့ပါကြောင်း၊ (ဦးအောင်ဆန်း)ကွယ်လွန်ပြီးနောက် တတိယအိမ်ထောင် ဦးဝင်းအောင်နှင့် အိမ်ထောင်ကျခဲ့ပြီး ဒေါ်မြင့်မြင့်သန်းကွယ်လွန်ခဲ့ပါကြောင်း၊ (ဦးစန်းတင်၊ ဦးအောင်ဆန်းနှင့် ဒေါ်မြင့်မြင့်သန်း)တို့ ကွယ်လွန်ပြီးသောအခါ ဒေါ်ဝင်းဝင်းမော်(ပါ-၇)ဦးတို့ အမွေဆက်ခံပိုင်ဆိုင်ခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝဏ္ဏကျော်(၉/ပကခ(နိုင်)၀၃၁၄၅၀)သည် အသိသက်သေရပ်ကွက်လူကြီးများရှေ့မှောက်တွင် အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ လက်ရောက်ဝယ်ယူခဲ့ပြီး နေထိုင်ခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။

ဤကဲ့သို့ အမွေဆက်ခံသူများထံက ဝယ်ယူခဲ့သည့် မြေကွက်သည် ဦးဝဏ္ဏကျော်တစ်ဦးတည်းအကြွင်းမဲ့ပိုင်ဆိုင်၍ စီမံခန့်ခွဲခွင့်ရှိပါကြောင်း၊ အကယ်၍ ဦးဝဏ္ဏကျော်တစ်ဦးတည်းပိုင်ဆိုင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့်မရှိဘဲ ကန့်ကွက်ခြင်းတို့ ပြုလုပ်လာပါက ပိုင်ဆိုင်သူ၏ အကျိုးစီးပွားပျက်စီးစေသဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်း (B.Sc(Chem;),Dip in Business Law,H.G.P) အထက်တန်းရှေ့နေ(စဉ်-၂၀၀၅၁)**
**အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်နံပါတ်(၁၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဒေါ်တင်မာရီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကိုကိုနိုင်(ဘ)ဦးသန်းရွှေ(၅/ရဥန(နိုင်)၁၀၉၅၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၈)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ်(၂၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်မြဟန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၊ ဦးပိုင်နံပါတ်(၂၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသိန်းမြင့်အောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခန့်ကျော်စွာ(ဘ)ဦးဝင်းမြင့်သိန်း(၉/မဟမ(နိုင်)၀၁၁၉၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်နံပါတ်(၃၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဝင်း(ဘ)ဦးလှမြင့်(၉/မရတ(နိုင်)၀၉၅၃၆၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## မိဘအမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း၊Grade-12မှ မောင်အိုက်တောင်း၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအိုက်လူနှင့် ဒေါ်အေးဆုမ်းဖြစ်ပါကြောင်း။

**ဦးအိုက်လူ(၁၃/တယန(နိုင်)၁၂၈၄၃၆)**
**ဒေါ်အေးဆုမ်း(၁၃/တယန(နိုင်)၁၂၈၄၄၀)**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၉)၊ ဦးပိုင်အမှတ်(၁၀)ခဲစင်းအနောက်ခြမ်း၊ ၃၅လမ်းနှင့် တာရိန့်လမ်းကြား၊ စိန်ပန်းလမ်းနှင့်ဖောင်တော်ဦးလမ်းကြားရှိ မောင်သာဓံ၊ မပုံ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၃၃၀/၂၀၀၁)ဖြင့် ဒေါ်ရီ၊ ဒေါ်အုံးခင်၊ ဦးတင်အောင်တို့က အမွေဆက်ခံခဲ့ပြီး ဒေါ်ရီ(ပါ-၂)ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၃၃၂/၂၀၀၁)ဖြင့် ဦးတင်အောင်က ပိုင်ဆိုင်ခဲ့ပါသည်။ ဖခင် ဦးတင်အောင်၊ မိခင် ဒေါ်အေးမြင့်သား ဦးခင်ဇော်ဦး(လူပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သော သမီးဖြစ်သူ ဒေါ်ဝင်းဝင်းမော်(၉/မနမ(နိုင်)၀၀၀၆၂၅)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်အမှတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဇော်ဝင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းစန်းနွယ် (ဘ/ဦးအေး)(၈/ရစက(နိုင်)၁၄၀၀၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေကြပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(အ-၃၀/၁)၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊ ၂၈လမ်းနှင့်၂၉လမ်းကြား၊**
**မောက်မယ်ဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်နေ (ဘ)ဦးဟန်ညွန့်၏သား ဦးဟန်ဝေထက်(၉/မဟမ(နိုင်)၀၄၆၁၀၇)နှင့် (ဘ)ဦးကျော်ဦး၏ သမီး ဒေါ်သူသူဇင်(၉/ခမစ(နိုင်)၀၄၂၉၄၈)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဟန်ဝေထက်နှင့် ဒေါ်သူသူဇင်တို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး မြန်မာ့ဓလေ့တုံးတမ်းဥပဒေအရ (၃-၁၂-၂၀၂၃)ရက်တွင် အသိသက်သေလူကြီးများရှေ့၌ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားကြပြီးဖြစ်ကြောင်းနှင့် လက်ထပ်ပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ အတူတကွ ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူစာနွေး(LL.B,D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ခင်ခင်မျိုးရွှေ(LL.B) ဒေါ်အိမ့်ရတီမိုး(LL.B)**
**(အထက်တန်းရှေ့နေများ)**
**၂၇လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**Email-tzshwe41@gmail.com ဖုန်း ၀၉-၄၀၂၆၆၃၃၆၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်(၆၀/ခ)၊ ဧရိယာ(ပေ၃၀×၄၅ပေ)၏ တောင်ဘက်ခြမ်း(၁၅ပေ×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ(ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အားလုံးတို့ကို ယခုရောင်းချသူ ဦးအောင်ကိုမင်း(ဘ)ဦးလှမြင့်(၉/ပကခ(နိုင်)၀၀၄၅၅၈)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတြီအဆင့်ဆင့်တို့ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ခင်(ဘ)ဦးအောင်ဒင်(၉/ပသက (နိုင်)၀၄၀၈၆၄)ကိုင်ဆောင်သူမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကိုကို (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၈၉၈)(၂၇-၁၀-၂၀၂၃)**
**မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၀၉၉၁**

- ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...
- နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ ရနိုင်...
- ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ နောင်ချိုဘူတာ၊ ဂုတ်ထိပ်ဘူတာနှင့် ဂုတ်ထိပ်တံတားများ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့ရှိ နောင်ချိုဘူတာ ဂုတ်ထိပ်ဘူတာနှင့် ဂုတ်ထိပ်တံတားများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။


ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုဘူတာမှ တစ်ဆင့် သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်တံတားကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အကြမ်းဖက်သောင်းကျန်းသူများ၏ ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဂုတ်ထိပ်တံတား လားရှိုးဘက်ခြမ်း ကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ် ၁၆ အကြား တံတားသံပေါင်များ အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် တံတားပစ္စည်းများ သယ်ယူစုဆောင်းပြီးစီးမှု၊ ယာယီဒေါက်တိုင်ဖြင့် ယာယီသံပေါင်တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် ပျက်စီးသွားသည့် တံတားအစိတ်အပိုင်းများ ဖယ်ရှားပြီး တံတားသံပေါင်အသစ်များ အစားထိုးတပ်ဆင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သမိုင်းအမွေအနှစ် တံတားဖြစ်သဖြင့် မူလလက်ရာ ဒီဇိုင်းအတိုင်း ပြန်လည်တည်ဆောက်နိုင်ရေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်အချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များကို မှာကြားပြီး တံတားကြီးနှင့် ကပ်လျက် ပေ ၃၅၀ အရှည်ရှိ ဥမင်လိုဏ်ခေါင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးထားသည့် ရထားသံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးများ၊ မိုင်းဖောက်ခွဲရန် စီစဉ်ထားခဲ့သည့် နေရာများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်မှ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ဂုတ်ထိပ်ဘူတာရုံ၌ သီးသန့်ထိန်းသိမ်းပြသထားသည့် ဂုတ်ထိပ်တံတား စတင်တည်ဆောက်ခဲ့စဉ်က ရှားပါးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကာ ဘူတာဝန်ထမ်းများနှင့် တံတားမွမ်းမံပြင်ဆင်ရေး တာဝန်ထမ်းဆောင်နေကြသည့် အင်ဂျင်နီယာ ဝန်ထမ်းများ၊ နောင်ချိုမြို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့်ကျောက်မဲမြို့အကြား မန္တလေး-လားရှိုးရထားလမ်းကြောင်းပေါ်၌ ပေ ၂၂၀၀ ကျော် ရှည်လျား၍ ပေ ၅၀၀ ခန့်နက်သည့် လျှိုချောက်ကြီး၏ တစ်ဖက်တစ်ချက်ရှိ တောင်နံရံနှစ်ခုကို ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး တံတားကြီးကို လန်ဒန်မြို့ရှိ Sir A.M.R Rendel & Co., က ဒီဇိုင်းရေးဆွဲ၍ အမေရိကန်ပြည်ထောင်စုမှ Pennsylvania & Maryland Bridge and Construction Co., က ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သဖြင့် ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ရာ ယခုအခါ သက်တမ်းနှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီဖြစ်သည်။ တံတားအရှည်ပေ ၂၂၆၀ ခန့်၊ တံတားသံမဏိတိုင်အမြင့် ပေ ၃၂၀ အပါအဝင် လျှိုကြမ်းပြင်မှ ရထားသံလမ်းမျက်နှာပြင်အထိ အမြင့် ၈၂၅ ပေခန့်မြင့်မားသောကြောင့် ၎င်းကာလက ကမ္ဘာ့အမြင့်ဆုံး သံမဏိတံတားအဖြစ် မှတ်တမ်းဝင်ခဲ့ကာ သံနှင့် သံမဏိတန်ချိန် ၄၃၁၁ တန်၊ သံမှို တစ်သန်းခန့် သုံးစွဲထားပြီး မတ်စောက်သည့် တောင်စောင်းများအကြား ခက်ခဲစွာ တည်ဆောက်ထားခြင်းဖြစ်သောကြောင့် မီးရထားဖြင့် လိုက်ပါစီးနင်းလျှင် တွေ့မြင်ရသည့် သံမဏိတံတားနှင့် ပတ်ဝန်းကျင်ရှုခင်းအလှအပမှာ လွန်စွာကျော်ကြားပြီး မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဖွယ်ရာ အံ့မခန်းထင်ရှားသည့် တံတားတစ်စင်းဖြစ်သည်။

အဆိုပါတံတားကို ဩဂုတ် ၂၄ ရက်က အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ (TNLA)က မိုက်မဲစွာ မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြအသိပေးခဲ့ပြီး ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာ ဝန်ထမ်းများက ပျက်စီးသွားသည့် အစိတ်အပိုင်းများကို ရှေးမူရင်းလက်ရာ ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# Falcon အသင်းက ရန်ကုန်ယူနိုက်တက် (ယူ-၂၁)အသင်းကို အနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်ယူနိုက်တက်(ယူ -၂၁)အသင်းသည် MNL Youth League week (20) အဖြစ် Falcon အသင်းနှင့် သန်လျင်မြို့ရှိ သီဟဒီပ ဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး Falcon အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစစချင်းမှာပင် နှစ်ဖက်စလုံးအပြန်အလှန်တိုက်စစ်ဆင်မှုများပြုလုပ်ခဲ့ကြသည်။ ရန်ကုန်ယူနိုက်တက်လူငယ်အသင်းသည် ပွဲချိန်တစ်လျှောက် တစ်ဖက်အသင်းဂိုးပေါက်အား ခြိမ်းခြောက်မှုများစွာ ပြုလုပ်နိုင်ခဲ့သော်လည်း အဆုံးသတ်လွဲချော်မှုများကြောင့် ဂိုးအဖြစ် ပြောင်းလဲနိုင်မှု မရှိခဲ့ပေ။

Falcon အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် စိုင်းမြတ်မင်းက အလွတ်တည်ကန်သောဖြင့် သွင်းယူပေးခဲ့ကြောင်း သိရသည်။ **(NGB)**